ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့၊ (15-7-2007) (၅၃၇၉)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘာရိန်းဒါရုဆလမ်နိုင်ငံ ဘုရင်မွေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဇူလိုင်　　၁၅

၂၀၀၇ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင်၏ (၆၁)နှစ်မြောက် မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

(သတင်းစဉ်)

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

ရန်ကုန်　　ဇူလိုင်　　၁၄

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းမှော်ရုံ၌ ဆက်လက်ကျင်းပပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာ ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြကာ ညနေပိုင်းတွင် အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော စာမျက်နှာ ၃ ကော်လံ ၁ သို့ ❋

ယနေ့ မိုးလေဝသ

၁၅–၇–၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကြေးမုံ The Mirror "တစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားရေးတာဝန်"

"အမျိုးသားညီလာခံကို တပ်မတော်အစိုးရက တာဝန်ယူဦးဆောင်ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် အမျိုးသားညီလာခံကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များ၏ဆန္ဒကို ရယူညှိနှိုင်းခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် အမျိုးသားညီလာခံသည် တပ်မတော်အစိုးရက တစ်မျိုးသားလုံးနှင့် ညှိနှိုင်းရန် တွေ့ဆုံဆွေးနွေးခြင်းပင် ဖြစ်သည်။ တစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားရေးတာဝန်ဖြစ်သည့် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရန် တစ်မျိုးသားလုံး၏ အခြေခံဆန္ဒသဘောထားကို ရယူခြင်းလည်းဖြစ်သည်"

ကျော်စိုး(ကျိုက္ခမီရော)၏ **"ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် အမျိုးသားရေးတာဝန်ဖြစ်သည်"**

(ဆောင်းပါး)　　စာမျက်နှာ–၈၊၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

15-7)01.P65　1　1/3/32, 8:34 AM

ကြေးမုံ
The Mirror

၁၅–၇–၂၀၀၇
(တနင်္ဂနွေနေ့)

သီးနှံအလိုက် သတ်မှတ်ဧက ပြည့်မီကျော်လွန်အောင်စိုက်ပျိုး

စိုက်ပျိုးရေးကိုအခြေခံပြီး အခြားသော စီးပွားရေးလုပ်ငန်းများကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းသည် လက်တွေ့ကျသော လုပ်ငန်းစဉ်ဖြစ်သည်။ နိုင်ငံတော်က စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များ တည်ဆောက်ဖြည့်ဆည်း ပေးလျက်ရှိသည့်နည်းတူ တောင်သူလယ်သမားများကလည်း မြေယာသစ်များ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးပြီး သီးနှံအလိုက် တစ်ဧကအထွက်နှုန်း တိုးတက်စေရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

ပဲခူးတိုင်းသည် ရေမြေ ရာသီဥတု ကောင်းမွန်သောဒေသ ဖြစ်သည်နှင့်အညီ စားနပ်ရိက္ခာ ဖူလုံပိုလျှံရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အားထားရသော တိုင်းတစ်တိုင်းဖြစ်သည်။

တိုင်းအတွင်း ရေလှောင်တမံစီမံကိန်းများ၊ ရေထိန်းတံခါးများ တည်ဆောက်ပေးလျက်ရှိရာ ရေကြီး ရေနက်ကွင်းများ ရေလွှမ်းမိုးမှုမှ ကာကွယ်ပေးနိုင်ပြီး မိုးစပါး၊ နွေစပါးအပါအဝင် စီးပွားဖြစ်သီးနှံများကို တိုးချဲ့စိုက်ပျိုးလာနိုင်ကြပြီဖြစ်သည်။ ရဲနွယ်ရေလှောင်တမံကဲ့သို့ ဘက်စုံစီမံကိန်းကို တည်ဆောက်ပေးနိုင်သဖြင့် ယခင်က ရေနက်ကွင်းများဖြစ်သည့် ပြွန်တန်ဆာလွင်ပြင်၊ ပဲခူးလွင်ပြင်တို့တွင် မိုးစပါးများ ကောင်းစွာ စိုက်ပျိုးလာနိုင်သည်။

ထိုနည်းအတူ စစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှု ကာကွယ်ရေးနှင့် စိုက်ပျိုးမြေ ဖော်ထုတ်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ ပဲခူးတိုင်း(အရှေ့ပိုင်း)၌ ရေတော်မိုးတော်စပါး စိုက်ပျိုးမြေဧက တစ်သိန်းကျော်နှင့် ပဲခူးတိုင်း(အနောက်ပိုင်း)တွင် ဧကတစ်သောင်းကျော် တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။

ပဲခူးတိုင်းတွင် စပါးအပြင် ရေမြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းသည့် ပဲမျိုးစုံ၊ မြေပဲ၊ နှမ်း၊ နေကြာစသည့် ဆီထွက်သီးနှံများ၊ ကြံနှင့်အစေ့ထုတ်ပြောင်း၊ ရော်ဘာနှင့် ငရုတ်ကောင်းတို့ကို စိုက်ပျိုးလျက်ရှိသည်။ အထူးသဖြင့် တိုင်းတစ်ခုလုံး စားသုံးဆီဖူလုံစေရေးအတွက် ယခုနှစ် စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံဧက တစ်သိန်းခွဲတိုးချဲ့၍ ဧက ငါးသိန်းခွဲအထိ စိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်နေသည်။

နိုင်ငံတစ်ဝန်း စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်ပေးမှု၊ စိုက်ပျိုးရေဖြန့်ဝေပေးနိုင်မှုတို့နှင့်အတူ စိုက်ပျိုးရေးနည်းပညာသစ်များနှင့် အထွက်တိုးမျိုးကောင်းမျိုးသန့်သီးနှံများလည်း ပိုမိုအသုံးပြုနေကြပြီ ဖြစ်သည်။ တောင်သူလယ်သမားများက မိုးစပါး၊ နွေစပါးအပါအဝင် သီးနှံအမျိုးအစားအလိုက် သတ်မှတ်စိုက်ဧကထက် ကျော်လွန်စွာ စိုက်ပျိုးကြခြင်းဖြင့် ပြည်တွင်းစားသုံးမှု ပိုမိုဖူလုံပိုလျှံလာမည်ဖြစ်ပါသည်။ ။

ဂုဏ်ပြုလှူဒါန်းချီးမြှင့်

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြောင်းမြလမ်းနေ ကျေးဇူးရှင်များအား ရည်စူး၍ မိခင်ကြီး ဒေါ်ခင်မြင့်ကို အမှူးထားလျက် ဦးဝင်းမြင့်–ဒေါ်သန်းသန်းဇင်၊ သမီးယုဇနခင်၊ စိမ့်ရွှေဇင် (ရွှေဇင်ဝင်းပုံနှိပ်တိုက်) မိသားစုက သန့်စင်ခန်းတစ်ခန်းအတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၇၀၀ လှူဒါန်းရာ ကျောင်း ဖြစ်မြောက်ရေး အကျိုးဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ (နာလန္ဒာ)က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်တောရေးရာ ဝန်ကြီးဌာန ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၄

သစ်တောရေးရာ ဝန်ကြီးဌာန ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၂ ရက်တွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပါမောက္ခချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တဇနိန္ဒထံမှ ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဧည့်ပရိသတ်များ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြစဉ်။ (သစ်တောရေးရာ)

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် စည်းရုံးရေး အခြေခံသင်တန်း (၃၂)တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာနမှ ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း ဥက္ကဋ္ဌဦးစံရှိန် ဆေးဖြတ်ပြီး၍ ကုသမှုခံယူပြီးသူများအား ရုပ်လွှာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်း ဘာသာရပ်ကို ပို့ချဆွေးနွေးစဉ်။ (သတင်းစဉ်)

ဖြူးဆရာတော်အထူးတရားပွဲ

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာနှင့် ဖြူးမြို့ ပင်စင်လမ်း မဟာစည်သာသနာ့ရိပ်သာတို့၏ ဦးစီးပဓာန နာယက သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရပြည်တွင်း၊ ပြည်ပ မဟာစည်နာယက၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ အရှင်သူမြတ်သည် ဇူလိုင် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ထိုင်းနိုင်ငံ မဲဆောက်မြို့ ဓမ္မသဘင်၌ မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ မြဝတီမြို့ ဓမ္မာရုံကြီး ဓမ္မသဘင်၌ ည ၈နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

ရန်ကုန်မြို့ တောင်ဥက္ကလာပ (၇)ရပ်ကွက် ၃ လမ်း၊ စက်မှုဇုန် သစ္စာဥယျာဉ် အိမ်ရာနေ ဦးမောင်မောင်–ဒေါ်မြင့်မြင့်အေး မိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင် အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ ဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

စုပေါင်းဝါဆိုသင်္ကန်းကပ်မည်

သန်လျင် ဇူလိုင် ၁၄

သန်လျင်မြို့ အောင်မင်္ဂလာ ရပ်ကွက်ရှိ ပရိယတ္တိ၊ ပဋိပတ္တိ မင်္ဂလာရာမ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဘဒ္ဒန္တဥတ္တရ(ကမ္မဋ္ဌာနာစရိယ၊ ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ)ဆရာတော်၏ (၄၆)နှစ်ပြည့် ဝိဇာတ မင်္ဂလာပွဲနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်းကပ်လှူကြမည့် အဋ္ဌမအကြိမ်မြောက် စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၂ရက် ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ရက် (တနင်္ဂနွေ)နေ့တွင် ကျောင်းတိုက်အတွင်းရှိ မဏ္ဍလာဓမ္မဗိမာန်တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းတိုက်သာသနာနုဂ္ဂဟအဖွဲ့ထံဖြစ်စေ၊ ဖုန်း–၀၅၆–၂၁၅၇၈ သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

တောင်ကြီးမြို့ အနောက်မြို့ပတ်လမ်း(တောင်ပိုင်း) နေ ဦးမြလွင်–ဒေါ်အေးသောင်းနိုင်၊ သား ကိုခွန်ချို မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် ကျပ် ၁၀၁၀၀၀ လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က–ပ)

❀ ရှေ့ဖုံးမှ

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့်ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတ သိရီဘိဝံသက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူသည်။

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယ အဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြရာ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များကို မန္တလေးတိုင်း မိတ္ထီလာမြို့ ရွှေဘုံသာ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇောဒယကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် မိုးကောင်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုဓမ္မာစာရက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များကို ပဲခူးတိုင်း(အနောက်ပိုင်း) နတ်တလင်းမြို့ မင်္ဂလာကန်ဦးကျောင်းဆရာတော် ဓမ္မာစရိယ ဘဒ္ဒန္တ ဝါယမက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို ခေတ္တ ရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယ အဖွဲ့ခွဲ)၏ ပထမအကြိမ် ၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၁၃ရက် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် (ဗုဒ္ဓဟူးနေ့)မှ ယနေ့အထိ တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေး ဆုံးဖြတ်ချက်များ အပေါ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မာနိတသိရီဘိဝံသက ပြန်လည်ရှင်းလင်းလျှောက်ထား၍ အစည်းအဝေး၏ အတည်ပြုချက်ကို ရယူတော်မူသည်။

ဆက်လက်၍ ဆဋ္ဌအကြိမ် ဒုတိယ(လေးလပတ်) နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများ ရွေးချယ်လျာထား အတည်ပြုပင့်ဆောင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် အထွေထွေကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအားလုံးက "ဇယန္တောဗောဓိယာမူလေ" အစရှိ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး သာဓုသုံးကြိမ်ခေါ်ဆိုကာ ညနေပိုင်းတွင် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး သွားသည်။

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအား အလှူရှင် အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဒူးရင်းသီး ဦးစိုးမြင့်နှင့် ဇနီး ဒေါ်ခင်မာရီ မိသားစုက ယနေ့တွင် တစ်နေ့တာ ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

(သတင်းစဉ်)

ပြင်ဆင်ဖြည့်စွက် ဖတ်ရှုပါရန်

၁၄-၇-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၃)တွင် ဖော်ပြပါရှိသည့် သာရဏီယသြဝါဒကထာ၌ ပထမကော်လံ နောက်ဆုံးပိုဒ်ပါ 'ဝိမံသာယံ'အစား 'ဝိမံသာယ'ဟုလည်းကောင်း၊ ဒုတိယကော်လံ ပထမပိုဒ်ပါ 'ဂဏ္ဍိ' အစား 'ဂဏ္ဍိ'ဟုလည်းကောင်း၊ တတိယကော်လံ ပထမပိုဒ်ပါ 'ဝါစယ'အစား 'ဝါစာယ'၊ 'ဟူသောအရ' အစား 'ဟူသော မြန်မာပရိဘာသာ အရ' ဟုလည်းကောင်း၊ ဒုတိယပိုဒ်ပါ 'ပဝတ္တာ၊ယံ' အစား 'ပဝတ္တာရှံ၊ယံ' ဟုလည်းကောင်း၊ စတုတ္ထကော်လံပါ 'ဘုန်းရှင်' အစား 'ပုဉ်းရှင်'၊ 'မှုကင်းအောင်' အစား 'မှကင်းအောင်' ဟုလည်းကောင်း ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

ကမာရွတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၃)၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်ညီလာခံနှင့် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၁၃ရက်က ကျင်းပရာ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သည့် မောင်ဖြိုးသန့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ညို ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဇနီး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးတို့အား အမှူးထား၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုစည်းခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။(အပေါ်ပုံ)

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူး ချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့်တိုင်း အုပ်ချုပ်ရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ခရိုင် အုပ်ချုပ်ရေးမှူးများ၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကဝိသာရထံမှ ငြိမ့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကဝိသာရအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများ၊ တာဝန်ရှိသူများက ဆရာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကဝိသာရက အနုမောဒနာတရားနှင့် ရေစက်ချတရား ချီးမြှင့်ပြီး ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် တက်ရောက်လာကြသူများက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဝန်ထမ်းမိသားစုများသည် ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

လင်းလွန်းပင် စာသင်တိုက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် လင်းလွန်းရပ်ကွက် လင်းလွန်းပင်ပရိယတ္တိစာသင်တိုက်၌ ပုရိမဝါကပ်တော်မူကြမည့် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဥတ္တမာစာရ အမှူးရှိသော စာချစာသင်သံဃာတော် ၈၀ တို့အား လင်းလွန်းပင် ပရိယတ္တိသာသနာ့ နုဂ္ဂဟအဖွဲ့မှ ဆဋ္ဌမအကြိမ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာတော်အရှင်သူမြတ်များအား စာအောင်ဆု ဆက်ကပ်လှူဒါန်းပွဲကို (၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့) ဇူလိုင်၂၉ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ အလှူရှင်များအနေဖြင့် ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၅၃၇၆၅၇၊ ၅၀၁၉၁၂၊ ၅၁၈၀၅၄တို့သို့ဖြစ်စေ သင်္ကန်းတစ်စုံလျှင် ငွေကျပ် ၃၀၀၀ ဖြင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အနန္တသုခသိမ်တော်ကြီး ရေစက်ချမင်္ဂလာ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် ရဲရိပ်သာရပ်ကွက် ဗိုလ်တထောင်ဘုရားအတွင်းရှိ မွန်ပရိယတ္တိ စာသင်တိုက်၏ အနန္တသုခ သိမ်တော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားကို ဇူလိုင် ၂၂ရက်(တနင်္ဂနွေနေ့) ၁၃၆၉ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ ရက် နံနက် ၉ နာရီတွင် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါ၍ ပါဝင်လှူဒါန်းခဲ့ကြသော အလှူရှင် ဒါယကာ၊ ဒါယိကာမများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက် ကြည်ညိုကြပါရန် အသိပေး နှိုးဆော်ထားသည်။ (က-ပ)

အရှင်ပဏ္ဍိတ(ဓမ္မာစရိယ) ဝါတွင်းတရားပွဲများ

ရန်ကုန် ဇူလိုင် ၁၄

ပတ္တမြား ဆရာတော်ကြီးအား ဦးထိပ်ထားလျက် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သာကေတမြို့ ဟင်္သာတစာသင်တိုက်၌ ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်းဥပုသ်နေ့တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၅နာရီအထိ အရှင်ပဏ္ဍိတ(ဓမ္မာစရိယ) အတွင်း ပတ္တမြား(မိုးကုတ်)စာချ ဓမ္မကထိက ကမ္မဋ္ဌာနာစရိယဆရာတော်က ပဋိစ္စသမုပ္ပါဒ်တရားနှင့် သစ္စာတရားများကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၇-၂၀၀၇ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	တစ်စိတ်နှင့်ယှဉ်ခိုက်ခန္ဓာကို အကျိုးရှိအောင် အသုံးချပါ တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၈း၀၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	ချမ်းမြေ့စေတာ ချမ်းမြေ့မှာ ထာဝရရိပ်သာ
၉း၁၅	နိုင်ငံတကာအနုပညာရေးရာ
၉း၄၀	ပြည်တွင်းသတင်းအကျဉ်း
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	အားမာန်ဝင့်ချီအားကစား ဟော်ကီ
၁၀း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀	နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
၁၀း၅၅	မိုးလေဝသခန့်မှန်းချက်
၁၁း၀၀	အလှမှာအယဉ်ဆင့် အမြင်ဆန်းသည့်အထည်
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၅	အင်တာနက်Onlineပေါ်မှ စိတ်ဝင်စားဖွယ်ရာWebsite
၁၂း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅	Movie Mistakes (TITANIC)
၁၂း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀	နာတာရှည်ကျောက်ကပ် အလုပ်မလုပ်(သို့) အားနည်းရောဂါအကြောင်း (ပါမောက္ခ ဒေါက်တာခင်မောင်ဌေး)
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ် များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၀၇ခုနှစ် အာရှဖလားပွဲစဉ်များ

အချိန်	ပွဲစဉ်	ပြသမည့်လိုင်း
ညနေ ၄း၅၀	တရုတ်-အီရန်	MRTV-4(Live)
ည ၇း၀၅	ဘာရိန်း-တောင်ကိုရီးယား	MRTV-4(Live)

အမေရိကန်နိုင်ငံ နယူးယောက်မြို့ လမ်းမပေါ်၌ ပရိသတ်များအား ထူးထူးခြားခြားဖျော်ဖြေတင်ဆက်နေသူများကို ဇူလိုင် ၁၂ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

နီပေါ၏ အကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်း နိုဝင်ဘာလတွင် စတင်အကောင်အထည်ဖော်မည်

ခတ္တမန္ဒူ ဇူလိုင် ၁၃

နီပေါနိုင်ငံ၏ အကြီးဆုံးသော ရေအားလျှပ်စစ်စီမံကိန်းကို နိုဝင်ဘာလတွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း တာဝန်ရှိသူ တစ်ဦးက ဇူလိုင် ၁၂ ရက်တွင် ပြောကြားသည်။

နီပေါနိုင်ငံ ဒိုတီခရိုင်တွင် ရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းဆောင်ရွက်ရန် ဝက်ဆက်တီဟိုက်ဒရိုလီမိတက်က ကန်ထရိုက် ရရှိသည်။ ယင်းကုမ္ပဏီသည် နှစ် ၃၀သက်တမ်းရှိ ကန်ထရိုက်လုပ်ငန်းကိုအကောင်အထည်ဖော်မည်ဖြစ်သည်။

ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းမှာ ၂၀၁၃ ခုနှစ်တွင် ပြီးစီးမည်ဟုမျှော်လင့်ရကြောင်း အဆိုပါကုမ္ပဏီ ဦးဆောင်ညွှန်ကြားရေးမှူး ဝီလျံဘူတီကျူက ပြောကြားသည်။

ဝက်ဆက်တီမြစ်ကို အသုံးပြု၍ မဂ္ဂါဝပ် ၇၅၀ထုတ်လုပ်ပေးနိုင်သော ရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချရေး ကော်ပိုရေးရှင်းသည် နီပေါအစိုးရနှင့်လျှပ်စစ်ဓာတ်အားရောင်းဝယ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့သည်။ ယင်းသဘောတူညီချက်အရ အိန္ဒိယနိုင်ငံရှိ နယ်စပ်ပြည်နယ်များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချနိုင်မည်ဖြစ်သည်။ ရေအားလျှပ်စစ်ဓာတ်အားစက်ရုံ တည်ဆောက်ခြင်းသည် ယင်းသဘောတူညီချက်၏ တစ်စိတ်တစ်ဒေသ အရဆောင်ရွက်မှုဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းမှာ အစုစပ်လုပ်ငန်းဖြစ်ပြီး အိန္ဒိယကုမ္ပဏီများနှင့် နီပေါအစိုးရအဖွဲ့တို့က အစုရှယ်ယာများကို မျှဝေပိုင်ဆိုင်သည်။

အင်တာနက်။

လက်ဘနွန်နိုင်ငံ အကျပ်အတည်း ဘန်ကီမွန်းစိုးရိမ်

ကုလသမဂ္ဂ ဇူလိုင် ၁၂

လက်ဘနွန်နိုင်ငံ အကျပ်အတည်းနှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်ရသည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

လက်ဘနွန်နိုင်ငံမတည်မငြိမ်ဖြစ်မှုသည် တိုးတက်မှုကို တားဆီးပိတ်ပင်နေပြီး လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် နိုင်ငံရေးတည်ငြိမ်မှု နှစ်ခုစလုံးအတွက် တိုက်ရိုက်စိန်ခေါ်မှုဖြစ်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြသည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဖတာအယ်လ်–အစ္စလာမ် စစ်သွေးကြွများနှင့် လက်ဘနွန်လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါလက်စတိုင်း ဒုက္ခသည်စခန်းတွင် တိုက်ခိုက်မှု၊ ဘေရွတ်မြို့တစ်ဝိုက် ဗုံးအကြိမ်ကြိမ်ပေါက်ကွဲမှု၊ လက်ဘနွန်ရှိ ကုလသမဂ္ဂတပ်ဖွဲ့၏ မော်တော်ယာဉ်တန်း လွန်ခဲ့သည့်လအတွင်း ဗုံးခွဲတိုက်ခိုက်ခံရမှုနှင့် လက်ဘနွန်တောင်ပိုင်းဒေသမှ အစ္စရေးနိုင်ငံအတွင်းသို့ ရော့ကက်ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့မှုတို့သည် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် အဆိုးရွားဆုံး ဖြစ်ရပ်များဖြစ်သည်ဟု ဘန်ကီမွန်းက ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပစိဖိတ်သမုဒ္ဒရာတွင် သုတေသီတို့လေ့လာ

မာဆေး ဇူလိုင် ၁၃

ပစိဖိတ်သမုဒ္ဒရာအရှေ့တောင်ပိုင်း ရေပြင်တွင် နေနှင့်သက်ဆိုင်သော ခရမ်းလွန်ရောင်ခြည် သင့်ရောက်မှု အခြေအနေကို ပြင်သစ် သိပ္ပံပညာရှင်များ လေ့လာခဲ့ကြကြောင်း ဇူလိုင် ၁၂ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပြင်သစ်နိုင်ငံ မာဆေးမြို့ရှိ မြေထဲပင်လယ်တက္ကသိုလ်မှ အဏ္ဏဝါအဏုဇီဝဗေဒ သုတေသီများသည် ပစိဖိတ်သမုဒ္ဒရာအရှေ့တောင်ပိုင်း ပင်လယ်ရေပြင်တွင် လေ့လာမှုများပြုလုပ်ခဲ့ကြသည်။ ယင်းဒေသတွင် နေရောင်ခြည်နှင့်သက်ဆိုင်သော ခရမ်းလွန်ရောင်ခြည် သင့်ရောက်မှုကြောင့် အာဟာရဓာတ်ဖွဲ့စည်းမှု နိမ့်ကျနေသည်ကို တွေ့ရှိရသည်။ အာဟာရဓာတ် နိမ့်ကျခြင်းဖြင့် အဏ္ဏဝါဂေဟစနစ် ထိခိုက်နိုင်ကြောင်း သုတေသီများက ပြောကြားသည်။

ပစိဖိတ်သမုဒ္ဒရာ အရှေ့တောင်ပိုင်းရှိ အီစတာကျွန်းအနီးတွင် ရေနမူနာများရယူကာ သုတေသီတို့ လေ့လာခဲ့သည်။ အီစတာကျွန်းအနီးတွင် ပင်လယ်ရေမျက်နှာပြင်မှ အောက်ဘက်သို့ ၃၂၈ပေတိုင်အောင် ခရမ်းလွန်ရောင်ခြည် ထိုးဖောက်ဝင်ရောက်ခဲ့ကြောင်း တိုင်းတာတွေ့ရှိရသည်။

အင်တာနက်။

ခေတ်သစ် ကမ္ဘာ့အံ့ဖွယ်ခုနစ်ခုတွင် ပါဝင်သော နာမည်ကျော် တရုတ်မဟာတံတိုင်းကြီးကို ဇူလိုင် ၁၂ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဗီယက်နမ် ပြည်နယ်များ ဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံရန် တိုက်တွန်း

ဟနွိုင်း ဇူလိုင် ၁၃

ဗီယက်နမ်အစိုးရသည် နိုင်ငံမြောက်ပိုင်း လန်ဆန်၊ ကောင်ဘန်နှင့် ဘက်ကန်ပြည်နယ် တို့၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်ရေးအတွက် အရင်းအနှီးများ မြှုပ်နှံကြရန် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအား တိုက်တွန်းလိုက်ကြောင်း ဗီယက်နမ် နယူးစ်သတင်းစာက အင်္ဂါနေ့တွင် ဖော်ပြသည်။

အဆိုပါ ပြည်နယ်သုံးပြည်နယ်၌ သစ်တောရေးရာ၊ ရေအားလျှပ်စစ် နယ်စပ်ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းတို့ အပါအဝင် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာ များစွာရှိကြောင်း၊ ပြည်နယ်များ၏ တည်နေရာအရလည်း အရေးပါလျက်ရှိကြောင်း ဟနွိုင်းမြို့၌ တနင်္လာနေ့က ကျင်းပသည့် ဖိုရမ်တစ်ရပ်တွင် ဗီယက်နမ်ဒုတိယဝန်ကြီးချုပ် ထရွန်ဗင်ထရောင်က ပြောကြားသည်။

ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးမှုဘဏ်က ယင်း ပြည်နယ်သုံးပြည်နယ်အတွက် အမေရိကန် ဒေါ်လာ ၁ဒသမ ၂၅ဘီလီယံ သတ်မှတ်လျာထားပေးမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နယ်စပ်လုံခြုံရေးကိစ္စ ကူဝိတ်နှင့်အီရတ်ဆွေးနွေး

ကူဝိတ်စီးတီး ဇူလိုင် ၁၃

ကူဝိတ်နှင့်အီရတ်မှ လုံခြုံရေးတာဝန်ရှိပုဂ္ဂိုလ်များသည် အယ်လ်–အက်ဘဲဒါလီနယ်စပ်ဖြတ်ကျော်ရေးစခန်း လုံခြုံမှုရှိစေရေးနှင့်ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးပွဲကို အင်္ဂါနေ့က ကျင်းပကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။

ကူဝိတ်ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထဲရေးလက်ထောက်ဝန်ကြီး ဗိုလ်ချုပ် အယ်လ်–ဖာဟက်က ဦးဆောင်ပြီး အီရတ်ကိုယ်စားလှယ်အဖွဲ့ကို နယ်စပ်အစောင့်တပ်ဖွဲ့ တပ်မှူး အယ်လ်–ကာဘီက ဦးဆောင်သည်ဟု ကူဝိတ်သတင်းဌာနက ဖော်ပြသည်။

အပြုသဘောဆန်သည့် ရလဒ်များ ရရှိစေရန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ဟု အယ်လ်–ဖာဟက်က ပြောကြားသည်။

နှစ်နိုင်ငံ စီးပွားရေးနှင့်ကုန်သွယ်ရေး ဆက်ဆံမှုများ ပြုလုပ်ရန်နှင့် ကူဝိတ်က အီရတ်နယ်စပ်လုံခြုံရေးကို ထောက်ခံမှုရှိကြောင်း ၎င်းက အလေးထားပြောကြားသည်။

ဆက်ဖ်ဝမ်နယ်စပ်ဖြတ်ကူးဒေသတွင် မော်တော်ယာဉ်များနှင့် လူများ လွယ်လင့်တကူ ဖြတ်သန်းသွားလာနိုင်ရန် လိုအပ်မှုနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ကူဝိတ်နှင့် ထိစပ်သည့် နယ်စပ်ဒေသတွင် တည်ငြိမ်ရေးနှင့် လုံခြုံရေးအတွက် ဆောင်ရွက်နေကြောင်း၊နယ်စပ်များတွင်ရှိနေသည့် အတားအဆီးများကို ဖယ်ရှားရေးအတွက် ကုလသမဂ္ဂတောင်းဆိုချက်ကို လိုက်လျောအကောင်အထည်ဖော်မည်ဖြစ်ကြောင်း အီရတ်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ဆွေးနွေးသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြင်သစ်နိုင်ငံ ဘော်ဒိုးမြို့ ရင်ပြင်တစ်ခုတွင် အပန်းဖြေနေသူများကို ဇူလိုင် ၁၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အယ်လ်ဂျီးရီးယား၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

အယ်လ်ဂျီးယားစ် ဇူလိုင် ၁၃

အယ်လ်ဂျီးရီးယားနိုင်ငံ အယ်လ်ဂျီးယားစ်မြို့၏ အရှေ့ဘက်ရှိ ကာဘိုင်လီဒေသရှိ စစ်တန်းလျားများအနီးတွင် ဗုဒ္ဓဟူးနေ့က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ဗုံးဖောက်ခွဲသူနှင့် အခြားလူရှစ်ဦး သေဆုံးသွားကြောင်း ရိုက်တာသတင်းဌာနကဖော်ပြသည်။

ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် နေရာမှာ အယ်လ်ဂျီးယားစ်မြို့၏ အရှေ့ဘက် ၇၅မိုင်အကွာရှိ လက်ဒါရီးယားကျေးရွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။ ထို့ပြင် ဒဏ်ရာရရှိသူ အများအပြားရှိကြောင်း ၎င်းတို့က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ မည်သည့်အဖွဲ့၏ လက်ချက်ဖြစ်သည်ကို လောလောဆယ်မသိရသေးပေ။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဝန်ထမ်းများဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် မိမိကိုယ်တိုင်နှင့် နိုင်ငံ၊ ဌာန၊ မြန်မာ့ရုပ်ရှင်နှင့်ဗီဒီယိုလောက ဖွံ့ဖြိုးလာအောင်ကြိုးပမ်းဆောင်ရွက်

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့ရုပ်ရှင်လုပ်ငန်း (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် ဂုဏ်ပြုဆုပေးပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၄

မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်) ဇာတ်လမ်းရုပ်ရှင်(အသံခန်းမ)၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ အကြံပေး ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့၊ ရုပ်ရှင်နှင့်ဗီဒီယို ဆင်ဆာအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် မိမိတို့ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် Media လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိပြီး ပြည်သူများအား ဖျော်ဖြေပေးရန်၊ ပညာပေးရန်နှင့် ပြန်ကြားပေးရန် တာဝန်များအပြင် ပြည်ပမှ Media ဖြင့် မဟုတ်မမှန် လုပ်ကြံထိုးနှက်ချက်များကို တန်ပြန်ခြင်း၊ ပြည်သူများအား သတင်းအမှန်များသိရှိစေရန် အချိန်မီ ထုတ်လွှင့်ပေးခြင်းနှင့် Media ခေတ်ဖြစ်သည့်အားလျော်စွာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းစသည့် တာဝန်များကိုလည်း အောင်မြင်စွာ ဖော်ဆောင်လျက်ရှိကြောင်း။

အဆိုပါလုပ်ငန်းများ အောင်မြင်စွာ ဖော်ဆောင်နိုင်ခြင်းမှာ မိမိတို့ ဝန်ကြီးဌာနနှင့်ဆက်စပ်နေသည့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ ရုပ်ရှင်ဆင်ဆာအဖွဲ့၊ ဗီဒီယိုဆင်ဆာအဖွဲ့၊ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၏ ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်မှုများကြောင့်လည်း ဖြစ်ကြောင်း။

ထို့အပြင်ရုပ်ရှင်၊ ဗီဒီယိုထုတ်လုပ်သူများ၊ စက်မှုပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ ကူညီပံ့ပိုးဆောင်ရွက်မှုကြောင့် ဖြစ်သည်ဟုလည်း ပြောကြားလိုကြောင်း။

မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဦးစီးဌာနနှင့် လုပ်ငန်းများ၏ နှစ်ပတ်လည်နေ့များကို ရည်ရွယ်ချက်နှစ်ချက်ဖြင့် ကျင်းပလျက်ရှိကြောင်း။

မြန်မာ့ရုပ်ရှင် လုပ်ငန်းအနေဖြင့် ယမန်နှစ်ကချမှတ်ထားသည့် လုပ်ငန်းတာဝန် (၉)ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ သို့သော်လည်း ယခင်နှစ်က ချို့ယွင်းအားနည်းချက်များကို လေ့လာသုံးသပ်ပြီး ၂၀၀၇-၂၀၀၈ခုနှစ်တွင် ပေးအပ်မည့်တာဝန်များကိုလည်း အောင်မြင်အောင် ဝန်ထမ်းများအားလုံးက တက်ညီလက်ညီကြိုးပမ်း ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

မြန်မာ့ရုပ်ရှင်လုပ်ငန်း အနေဖြင့် ၂၀၀၇-၂၀၀၈ခုနှစ်တွင် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက် သွားရမည့်လုပ်ငန်းတာဝန် (၁၀) ရပ်မှာ-

- **(၁) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် Media နည်းဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရန်၊**
- **(၂) ဌာနဝင်ငွေ တိုးတက်ရရှိအောင်ရှာဖွေရန်၊**
- **(၃) မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရန်၊**
- **(၄) မြန်မာ့ရုပ်ရှင်၊ ဗီဒီယိုကားများ ပြည်ပကို ထိုးဖောက်ပြသနိုင်အောင်၊ ဈေးကွက်ရရှိအောင် ဆောင်ရွက်ရန်၊**
- **(၅) ပြည်တွင်း Media Cover ဖြစ်အောင် ပူးပေါင်းဆောင်ရွက်ရန်၊**
- **(၆) ပြည်တွင်း၊ ပြည်ပရုပ်ရှင်ကား၊ ဗီဒီယိုကားများကို မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်လက္ခဏာနှင့်အညီ စိစစ်ကြီးကြပ်ထိန်းသိမ်းရန်၊**
- **(၇) နိုင်ငံတော်က နှစ်ရှည်ငှားရမ်းထားသည့် ရုပ်ရှင်ရုံများ ပြုပြင်ထိန်းသိမ်း ကြပ်မတ်ဆောင်ရွက်ရန်၊**
- **(၈) ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို ပိုမိုဆောင်ရွက်ပေးနိုင်အောင် ဆောင်ရွက်ရန်၊**
- **(၉) ဌာနပိုင် ရုပ်ရှင်ကိရိယာများ အဆင့်အတန်း မြင့်မားအောင် ဆောင်ရွက်ရန်၊**
- **(၁၀) မြို့ခြံရွှေတာရန်**

တို့ဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် ဆုချီးမြှင့်ခံရသော ဌာနခွဲ၊ ရုံးခွဲ များ၊ လုပ်ငန်းစုရုံးများ၊ ဝန်ထမ်းများအနေဖြင့် နောင်နှစ်များတွင် ဆုဆက်လက်ရရှိအောင် ကြိုးပမ်းကြရန်နှင့် ဆုချီးမြှင့်ခြင်း မခံရသေးသူများကလည်း ဆုရရှိအောင် ကြိုးပမ်းသွားကြရမည် ဖြစ်ကြောင်း၊ နောင်နှစ်များတွင် ယှဉ်ပြိုင်မှု ပုံသဏ္ဍာန်၊ စနစ်၊ နည်းလမ်းများကို ဌာနအတွင်း သုံးသပ်ဖော်ထုတ်ပြီး ဝန်ထမ်းများ ပိုမိုစိတ်ထက်သန် တက်ကြွလာစေရန် စီစဉ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဝန်ထမ်းများ၏ဘဝလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟူသော အသိစိတ်ဓာတ်ဖြင့် မိမိတို့ကျရာအခန်းကဏ္ဍမှ တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်သွားကြရန်လိုအပ်ကြောင်း၊ မိမိကိုယ်တိုင်နှင့် နိုင်ငံ၊ ဌာန၊ မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်အောင် ဝန်ထမ်းအားလုံးက ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ၂၀၀၆ခုနှစ်အတွက် ပြည်သူ့ဝန်ထမ်းကောင်း ဆုတံဆိပ်ရရှိသော မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဝန်ထမ်းတစ်ဦးအား ဂုဏ်ပြုဆုကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုစိစစ် အကဲဖြတ်အဖွဲ့-အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်များနှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ စုစုပေါင်း ၅၆ဦးတို့ အတွက် ဂုဏ်ပြုဆုများကို အဖွဲ့ဝင်များကိုယ်စား မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်အား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ထက် ကျော်လွန်၍ ဘဏ္ဍာငွေအများဆုံး ရှာဖွေရရှိခဲ့ကြသည့် ဌာနခွဲ/ရုံးခွဲများကို လည်းကောင်း၊ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ထက် ကျော်လွန်၍ ဘဏ္ဍာငွေ အများဆုံး ရှာဖွေရရှိခဲ့ကြသည့်လုပ်ငန်းစုရုံးများကို လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်)၊ ဇာတ်လမ်းရုပ်ရှင် ရုံးခွဲ၊ မော်ကွန်းရုပ်ရှင် ရုံးခွဲနှင့် ရန်ကုန်ရုံးခွဲ ဝန်ထမ်းများအတွက် တူညီဝတ်စုံများကို ဒုတိယညွှန်ကြားရေးမှူး (ငွေစာရင်း) ဦးမြင့်ဝေ အားလည်းကောင်း၊ အောက်မြန်မာနိုင်ငံ ရုံးခွဲ ဝန်ထမ်းများအတွက် တူညီဝတ်စုံများကို ဒုတိယညွှန်ကြားရေးမှူး ဦးလှဆွေအားလည်းကောင်း၊ အထက်မြန်မာနိုင်ငံရုံးခွဲ ဝန်ထမ်းများအတွက် တူညီဝတ်စုံများကို ဒုတိယညွှန်ကြား ရေးမှူး ဦးသန်းဝင်းအားလည်းကောင်း ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဝန်ထမ်းများအား ကံစမ်းမဲဖောက်၍ လက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဇာတ်လမ်းရုပ်ရှင်ရှိ အသံကူးပြောင်းခန်းအတွင်း ခင်းကျင်းပြသထားသည့် ပြည်ပမှ ဝယ်ယူ၍ ပထမအသုတ်အဖြစ် ရောက်ရှိလာသော ဖလင်ပေါ်သို့ Digital အသံသွင်းသည့် အသံဖမ်းစက် (Optical Recorder)နှင့် ဆက်စပ် ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပညာရှင်များနှင့် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့ရုပ်ရှင်လုပ်ငန်း (ရုံးချုပ်)ဝင်းအတွင်း ဝန်ထမ်း သက်သာချောင်ချိရေးအတွက် စိုက်ပျိုးထားရှိသည့် သီးနှံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်အကဲဖြတ်အဖွဲ့-အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်များနှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များအတွက် ဂုဏ်ပြုဆုများကို အဖွဲ့ဝင်များကိုယ်စား မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်ထံ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅-၇-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ ပဏ္ဍိတ၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၆။ အကပြိုင်ပွဲ
- ၈:၁၅ ၇။ ဒေသဖွံ့ဖြိုးတိုးတက်စေမည့် ဒုဠ္ဌဝတီ
- ၈:၂၀ ၈။ တေးဂီတအစီအစဉ်
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Say it in English.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ Yan Can Cook.
- ၁၁:၅၅ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "ကမ္ဘာကြီးကိုကျေးဇူးတင်တယ်" (ထူးလွင်၊ ဇော်ဝမ်း၊ ပပဝင်းခင်၊ ဆုယမင်းထက်၊ ခိုင်ဇာ) (ဒါရိုက်တာ-နေလ)**
- ၁:၅၀ ၆။ စက္ကူအလင်းအောင်ပွဲဆင် တောင်သာမြို့တစ်ခွင်ပီတိရွှင်
- ၂:၀၅ ၇။ တေးဂီတအစီအစဉ်
- ၂:၁၅ ၈။ အတီးပြိုင်ပွဲ
- ၂:၃၀ ၉။ **"ညှော်မယ်ဗျို့" (ခန့်စည်သူ၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**
- ၂:၄၅ ၁၀။ International News.
- ၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Every day Use.
- ၄:၄၀ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
- ၄:၅၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (မြန်မာစာအထူးပြုများ) (မြန်မာစာ)**
- ၅:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၂၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၂၅ ၁၀။ သီရိဂေဟာ
- ၇:၀၀ ၁၁။ အလှတွင်အယဉ်ဆင့် အသွင်တင့်နေသည့်မိတ္ထီလာကန်
- ၇:၁၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း-၄၃)**
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာနှောင်ကြိုး (အပိုင်း-၆)**
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

ကုန်သည်လုပ်ငန်းရှင်များ တစ်ဦးချင်းအကျိုးစီးပွားထက် အများနှင့်သက်ဆိုင်သည့် အကျိုးစီးပွားကို အလေးထား

လုပ်ငန်းရှင်များ၊ ကုန်သည်များက အရည်အချင်းပြည့်မီသည့် ကုန်ပစ္စည်းများကိုသာ တင်ပို့ တင်သွင်းခြင်းပြုလုပ်

အရည်အသွေးစစ်ဆေးသော အဖွဲ့များအနေဖြင့်လည်း တိတိကျကျ မှန်မှန်ကန်ကန် စစ်ဆေးပေး

*** လယ်ယာသီးနှံများမှ**

တာဝန်ရှိသူများ၊ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များ၊ နယ်စပ်ကုန်သည်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ယနေ့စီးပွားရေးအသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံရခြင်းမှာ နိုင်ငံတော်ကို ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံတော်၏ စီမံဆောင်ရွက်နေမှုများကို သိရှိကြစေရန်လည်းကောင်း၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များက နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များ အောင်မြင်ရေးအတွက် နည်းမှန်လမ်းမှန် ဟန်ချက်ညီညီ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်လည်းကောင်း၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် စီးပွားရေးဆိုင်ရာ ဝန်ကြီးများ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ကြုံတွေ့ရသော အခက်အခဲများကို ပူးပေါင်းဖြေရှင်းနိုင်စေရန်လည်းကောင်း စသည့် ရည်ရွယ်ချက်များဖြင့် တွေ့ဆုံခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကာလတို (၅)နှစ်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လာခဲ့ပြီး ယခုဆိုလျှင် စတုတ္ထကာလတို (၅)နှစ်စီမံကိန်း၏ ဒုတိယနှစ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ဝန်ဆောင်မှုကဏ္ဍ တိုးတက်ခဲ့

(၅)နှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်၏ဂျီဒီပီသည် ၁၂ရာခိုင်နှုန်းကျော် တိုးတက်ခဲ့သကဲ့သို့ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့သည်လည်း တိုးတက်ခဲ့ကြောင်း။

၁၉၈၈ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ဆန်စပါးထွက်ရှိမှုသည် နှစ်ဆကျော်၊ ပဲမျိုးစုံသည် ၁၁ ဆကျော်၊ ဆီထွက်သီးနှံသည် သုံးဆခွဲကျော်၊ သားငါးကဏ္ဍသည် လေးဆကျော် တိုးတက်ထွက်ရှိခဲ့ကြောင်း။

နိုင်ငံတော်က လိုအပ်သော စီးပွားရေး အခြေခံအဆောက်အအုံများကို နှစ်စဉ်တိုးချဲ့ရင်းနှီးတည်ဆောက်ပေးခြင်းကြောင့်လည်းကောင်း၊ နိုင်ငံတော်နှင့်အတူ ပုဂ္ဂလိကအပိုင်းကလည်း ပူးပေါင်းပါဝင် အားထုတ်ကြိုးစားလုပ်ကိုင်ခြင်းကြောင့်လည်းကောင်း တိုးတက်လာခြင်းဖြစ်ကြောင်း။

လယ်ယာထွက်ကုန်သီးနှံများ တိုးတက်ထွက်ရှိလာမှု၊ စက်မှုထုတ်ကုန် တိုးတက်ထုတ်လုပ်လာနိုင်မှုတို့ကြောင့် ပို့ကုန်သွင်းကုန် ကူးသန်းရောင်းဝယ်သည့် ပမာဏသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိကြောင်း။

၂၀၀၂-၂၀၀၃ ခုနှစ်မှစ၍ နိုင်ငံတော်၏ နိုင်ငံခြားကုန်သွယ်မှု ပမာဏသည် ဒေါ်လာသန်း ၅၃၀၀ ကျော်ခဲ့ပြီး ပိုငွေစတင်ပြခဲ့ကြောင်း။

ထိုနှစ်မှစ၍ နိုင်ငံခြားကုန်သွယ်မှု စာရင်းရှင်းတမ်း၌ နှစ်စဉ်ပိုငွေပြခဲ့ရာ ပြီးခဲ့သော ၂၀၀၆-၂၀၀၇ ခုနှစ်တွင် နိုင်ငံခြားကုန်သွယ်မှု ပမာဏ ဒေါ်လာသန်း ၈၀၀၀ ကျော်အထိ တိုးတက်လာပြီး ပိုငွေမှာလည်း ဒေါ်လာသန်း ၂၀၀၀ ကျော်ခန့်ပြခဲ့သည်အထိ အောင်မြင်လာခဲ့ကြောင်း။

ပို့ကုန်ပိုင်း၌ လယ်ယာထွက်ကုန်ကဏ္ဍ၊ ရေထွက်ကုန်ကဏ္ဍ၊ သတ္တုတွင်းထွက်ကဏ္ဍ၊ သစ်တောထွက်ကဏ္ဍ၊ စက်မှုကုန်ချောနှင့် အခြားပစ္စည်းအုပ်စု အားလုံးနှစ်စဉ်တိုးတက်လာသကဲ့သို့ သွင်းကုန်ပိုင်းတွင်လည်း ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း စသည်တို့ကို ကုန်သည်၊ လုပ်ငန်းရှင်များ လိုအပ်ချက်အတိုင်း တင်သွင်းခွင့်ပြုလျက်ရှိကြောင်း။

နိုင်ငံတော်အပိုင်းအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍ တိုးတက်ရေး၊ တိုင်းရင်းသား ကုန်သည်လုပ်ငန်းရှင်များ ကူးသန်းရောင်းဝယ်မှု ကျွမ်းကျင်လာပြီး ပြည်ပသို့ ထိုးဖောက်နိုင်သည်အထိ ရည်မှန်းချက်ထား၍ အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ပို့ကုန်သွင်းကုန် လိုင်စင်စာရွက်စာတမ်းများကို ရှေးယခင်က တောင်းခံသည့် အရေအတွက်ထက် ထက်ဝက်ခန့်လျှော့ချခြင်းဖြင့် မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှုများ မရှိအောင် စီမံပေးခဲ့ကြောင်း၊ ထို့အတူ ယခင်က သွင်းကုန်တင်သွင်းရာတွင် ဦးစားပေးပစ္စည်း ၈၀ ရာခိုင်နှုန်း၊ ကြိုက်ရာပစ္စည်း ၂၀ ရာခိုင်နှုန်း တွဲဖက်တင်သွင်းခွင့်ပြုခြင်းအစား မိမိကြိုက်နှစ်သက်ရာပစ္စည်းကို ၁၀၀ ရာခိုင်နှုန်းအထိ တင်သွင်းခွင့်ပြုလျက်ရှိကြောင်း၊ အလားတူပင် ပို့ကုန်တင်ပို့သူရော သွင်းကုန်တင်သွင်းသူပါ ပိုမိုလွယ်ကူစေရန် တိုင်းရင်းသားလုပ်ငန်းရှင်အချင်းချင်း earning ငွေကို account transfer လုပ်ခွင့်ပြုခဲ့ကြောင်း။

အားပေးကူညီလျက်ရှိ

ထို့အပြင် တစ်နေရာတည်းတွင် ဌာနဆိုင်ရာများ စုစည်းဆောင်ရွက်ပေးသည့် One Stop Service ဖြင့် ဆောင်ရွက်ပေးခြင်း၊ ကွန်ပျူတာ အသုံးပြု၍ ဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းများ မြန်ဆန်ချောမွေ့အောင် စီမံပေးခဲ့ကြောင်း၊ နယ်စပ်ဒေသများ၌ နယ်စပ်ကုန်သွယ်ရေးသာမက နယ်စပ်ဖြတ်ကျော် ပုံမှန်ကုန်သွယ်ရေးကိုပါ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သွယ်ရေးဇုန်များနှင့် ကုန်စည်ဒိုင်များ ဖွင့်လှစ်ခြင်းဖြင့် မိမိနိုင်ငံအတွင်း ဈေးကွက်ရရှိရေးအတွက် ဖန်တီးပေးခဲ့ကြောင်း၊ မိမိတိုင်းရင်းသား လုပ်ငန်းရှင်များ၏ ကုမ္ပဏီရုံးခွဲ၊ ကိုယ်စားလှယ်ရုံးခွဲများ ပြည်ပနိုင်ငံများ၌ ဖွင့်လှစ်နိုင်ရေးအတွက်လည်း အားပေးကူညီလျက်ရှိကြောင်း။

နိုင်ငံတော်၏ ပို့ကုန်ပမာဏ တိုးမြှင့်လာသည်နှင့်အမျှ ဆိပ်ကမ်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား မော်တော်ကားလမ်းများ ဖောက်လုပ်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်၊ ဆိပ်ကမ်းများ ထူထောင်ခွင့်၊ သင်္ဘောလိုင်း၊ လေကြောင်းလိုင်း အစရှိသည့် ပို့ဆောင်ရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံထူထောင်ခွင့်တို့ကို ခွင့်ပြုလျက်ရှိကြောင်း။

နိုင်ငံတော်၌ ပို့ကုန်သွင်းကုန်လုပ်ငန်း မှတ်ပုံတင်ထားသော ကုမ္ပဏီပေါင်း ၄၀၀၀၀ ကျော် ရှိသည့်အနက် ပို့ကုန်သွင်းကုန်လုပ်ငန်း အမှန်တကယ် လုပ်ကိုင်နိုင်သည့် ကုမ္ပဏီ ၄၀၀၀ ခန့်သာရှိကြောင်း၊ ကုမ္ပဏီအများစုမှာ အရင်းအနှီးနည်းပါးခြင်း၊ ပြည်ပဈေးကွက် မရှိခြင်းတို့ကြောင့် လုပ်ကိုင်နိုင်မှု နည်းပါးကြကြောင်း၊ ရန်ကုန်၊ မန္တလေးမှလွဲ၍ ကျန်ပြည်နယ်/တိုင်း မြို့ကြီးများ၌ပင် နိုင်ငံတကာနှင့် ကူးသန်းရောင်းဝယ်နိုင်သော ကုမ္ပဏီတစ်ခု နှစ်ခုသာရှိ၍ ပြည်ပသို့ ကူးသန်းရောင်းဝယ်နိုင်သည့် ကုမ္ပဏီများ ရာထောင်ချီ၍ တိုးပွားလာအောင် နိုင်ငံတော်က အားပေးကူညီသွားမည်ဖြစ်ကြောင်း။

ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် တစ်ဦးတည်းပိုင် ကုမ္ပဏီထူထောင်၍ စွန့်စားကြိုးပမ်း လုပ်ကိုင်သွားကြရမှာဖြစ်သကဲ့သို့ တစ်ဦးချင်း၊ တစ်ယောက်ချင်း မတတ်နိုင်ပါက အခြားဖွံ့ဖြိုးဆဲ နိုင်ငံများနည်းတူ အများပိုင်ကုမ္ပဏီများအဖြစ် အစုရှယ်ယာထည့်ဝင်၍ ညီညီညွတ်ညွတ် ကြိုးပမ်းလုပ်ကိုင်သွားရမှာဖြစ်ကြောင်း၊ ဤနေရာတွင် နိုင်ငံတော်အနေဖြင့် ထုတ်ကုန်တစ်မယ်ချင်း တိုးတက်ထုတ်လုပ်ကူးသန်းရောင်းဝယ်နိုင်ရန်အလို့ငှာ အသင်းအဖွဲ့များကို ထုတ်ကုန်တစ်မယ်ချင်းအလိုက် တိုးချဲ့ဖွဲ့စည်းလျက်ရှိပြီး ပြည်နယ်၊ တိုင်း၊ ခရိုင် မြို့နယ်အဆင့်အထိပါ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်စေရန် ဖွဲ့စည်းစေလျက်ရှိကြောင်း၊ UMFCCI က ဦးဆောင်ပြီး အသင်းအဖွဲ့အားလုံး ညီညီညွတ်ညွတ်ဖြင့် ညှိနှိုင်းတိုင်ပင်ကာ မိမိတို့ လုပ်ငန်းနယ်ပယ်အလိုက် တိုးတက်ရာတိုးတက်ကြောင်း နည်းလမ်းရှာကြံ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယင်းအသင်းအဖွဲ့များသည် နိုင်ငံတော်နှင့်ပုဂ္ဂလိကအကြား၌ ဆက်စပ်ပေါင်းကူးပေးသည့် အဖွဲ့အစည်းများဖြစ်သည့်အတွက် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး၊ လမ်းကြောင်းမှန်ပေါ်၌ လျှောက်လှမ်းနိုင်ရေးတို့အတွက် စည်းရုံးထိန်းသိမ်း ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

အချို့ကုန်သည်လုပ်ငန်းရှင်များမှာ ဥပဒေနှင့်မညီညွတ်သော တရားမဝင်ကူးသန်းရောင်းဝယ်မှုများ ပြုလုပ်လျက်ရှိနေသည်ကို တွေ့ရှိနေရကြောင်း။

အချို့ကုန်သည်များသည် Sale Contract များကို မမှန်မကန်ပြုလုပ်၍ တရားဝင်ပစ္စည်း တင်သွင်းချိန်တွင် တရားမဝင်ပစ္စည်းများပါ တွဲ၍တင်သွင်းလာခြင်း၊ အချို့ဝန်ထမ်းများနှင့် ပူးပေါင်းပြီး တရားမဝင် နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိခြင်း စသည့် ဥပဒေနှင့်မညီသော လုပ်ရပ်များ ပြုလုပ်နေဆဲဖြစ်၍ အသင်းအဖွဲ့များမှ ဝိုင်းဝန်းထိန်းသိမ်းရန်လိုအပ်ကြောင်း။

နိုင်ငံတော်ကလည်း ဝန်ထမ်းများ၏ စိတ်ဓာတ်နှင့် အရည်အသွေး တိုးတက်မြင့်မားရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်နေလျက်ရှိသဖြင့် ဝန်ထမ်းများအပိုင်းက မမှန်မကန် ပြုလုပ်လာလျှင်လည်း ပွင့်လင်းစွာ ပြောဆိုထိန်းသိမ်းသွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်၏သွင်းကုန်ပိုင်းတွင် လောင်စာဆီနှင့် စားသုံးဆီ နှစ်မျိုးကို နိုင်ငံခြားငွေ ဒေါ်လာသန်းပေါင်းများစွာ အကုန်အကျခံ တင်သွင်းနေရကြောင်း။

တိုးချဲ့စိုက်ပျိုးရေး အလေးထားဆောင်ရွက်

ကမ္ဘာ့လောင်စာဆီဈေးနှုန်းနှင့် ကမ္ဘာ့စားအုန်းဆီ ဈေးနှုန်းတို့သည်လည်း အမြဲပြောင်းလဲပြီး ဈေးနှုန်းကြီးမြင့်နေသဖြင့် တစ်ဖက်မှ ချွေတာသုံးစွဲရန် လိုအပ်လျက်ရှိကြောင်း၊ ဘိုင်အိုဒီဇယ် ထွက်ရှိသည့် ကြံစည်းရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုးရေးနှင့် ဆီထွက်သီးနှံပင်များ တိုးချဲ့စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

လောင်စာဆီနှင့် စားသုံးဆီ နှစ်မျိုးစလုံးသည် အများပြည်သူအတွက် အရေးပါသဖြင့် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် အခါအခွင့်ရစဉ် ဈေးကစားခြင်းများ ပြုလုပ်မည့်အစား နိုင်ငံတော်နှင့် အများပြည်သူအကျိုးကို ကြည့်ရှု၍ အခက်အခဲကို ဝိုင်းဝန်းကူညီ ဖြေရှင်းသွားကြရန်လိုအပ်ပါကြောင်း။

ထို့အပြင် ပို့ကုန်လုပ်ငန်းရှင်များသည် မိမိတို့၏ ပို့ကုန်အရည်အသွေးကောင်းအောင်၊ ဈေးကောင်းကောင်းရအောင် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း၊ ပို့ကုန်အရည်အသွေး မမှန်ဘဲ တင်ပို့ခြင်းဖြင့် ပို့ကုန်ဈေးကွက် ပျက်ပြားနိုင်သည်ကို သတိထား ဂရုပြုဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သွင်းကုန်လုပ်ငန်းရှင်များကလည်း နိုင်ငံခြားမှ အရည်အသွေးမမီသော ဆေးဝါး၊ စားသောက်ကုန်၊ အရည်အသွေးညံ့သော လူသုံးအိမ်သုံး ပစ္စည်းများ၊ အတုအပများ တင်သွင်း၍ ပြည်သူလူထု၏မျက်နှာမကြည့်ဘဲ ကိုယ်ကျိုးစီးပွား ရှေ့တန်းတင်သည့် လုပ်ရပ်များကို ရှောင်ရှားရမှာဖြစ်ကြောင်း။

ယခင်အတွေ့အကြုံများအရ ပဲဈေးကွက်၌ ဈေးကစားမှု၊ လိမ်လည်မှုများ၊ သစ်သီးဝလံ ဈေးကွက်၌ ဈေးနှိမ်မှုများကြောင့် စိုက်ပျိုးထုတ်လုပ်မှု ကျဆင်းသည့်ဖြစ်စဉ်များ ရှိခဲ့သကဲ့သို့ တရားမဝင် တင်သွင်းမှုများကြောင့် တရားဝင်ပစ္စည်းများမှာ ဈေးကွက်တွင် မယှဉ်ပြိုင်နိုင်သည့် ဖြစ်ရပ်များ၊ ပြည်တွင်းကုန်ဈေးနှုန်းသည် ပြည်ပကုန်ဈေးနှုန်းထက် အဆမတန် မြင့်မားလာသည့် ဖြစ်ရပ်များ၊ လက်ကားဈေးနှင့် လက်လီဈေးကွာဟမှုများ စသည့် အခြေအနေများရှိခဲ့ကြောင်း၊ ယင်းအခြေအနေများကို ထိန်းသိမ်းနိုင်ရန်အတွက် ကုန်သည်အသင်းအဖွဲ့များ ဦးဆောင်၍ လက်ကားကုန်စည်ဒိုင်ကြီးများကို ခေတ်နှင့်အညီ နိုင်ငံတကာအဆင့်အတန်းမီ ထူထောင်လျက်ရှိကြောင်း၊ ကုန်စည်စီးဆင်းမှုနှင့် ကုန်ဈေးနှုန်းထိန်းသိမ်းရေး၊ ပြည်တွင်းကူးသန်းရောင်းဝယ်ရေးမှ ပြည်ပကူးသန်းရောင်းဝယ်ရေးအထိ တက်လှမ်းနိုင်ရေး၊ အပင်ပိုးမွှားအန္တရာယ်ကာကွယ်ရေး၊ အလေးချိန်တင်း၊ တောင်း မှန်ကန်ရေးတို့အတွက် အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

နောက်ကျကျန်မနေအောင်ပြုလုပ်

မိမိတို့နိုင်ငံသည် ASEAN, GMS, BIMSTEC, ACMECS အစရှိသည့် နိုင်ငံတကာ အဖွဲ့အစည်းများမှာ ပါဝင်ပြီး နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် သဘောတူညီချက်များရှိသည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် နောက်ကျကျန်မနေအောင် ပြုလုပ်သွားရန် လိုအပ်ကြောင်း။

ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် တစ်ဦးချင်း အကျိုးစီးပွားထက် အများအားလုံးနှင့် အကျုံးဝင်သက်ဆိုင်သည့် အကျိုးစီးပွားကို အလေးထားကြရန်၊ တစ်မျိုးသားလုံး အကျိုးစီးပွားဖြစ်ထွန်းရေးကို အလေးဂရုပြုကြရန် အရေးကြီးကြောင်း။

အထူးသဖြင့် မှာကြားလိုသည်မှာ လုပ်ငန်းရှင်များ၊ ကုန်သည်များအပိုင်းကလည်း အရည်အချင်းပြည့်မီသည့် ကုန်ပစ္စည်းများကိုသာ တင်ပို့ခြင်း၊ တင်သွင်းခြင်း ပြုလုပ်ကြရန်နှင့် အရည်အသွေးစစ်ဆေးသော အဖွဲ့များအနေဖြင့်လည်း တိတိကျကျ မှန်မှန်ကန်ကန် စစ်ဆေးပေးမှသာ ကုမ္ပဏီများ၏ ဂုဏ်သိက္ခာနှင့် တိုင်းပြည်၏ဂုဏ်သိက္ခာကို မထိခိုက်စေမှာဖြစ်ကြောင်း။

တချို့ တင်ပို့/တင်သွင်းသည့် ကုန်ပစ္စည်းများ အရည်အသွေးမပြည့်မီ၍ ပြန်ပို့ရခြင်းများ၊ ဖျက်သိမ်းရခြင်းများသည် ကုမ္ပဏီများကိုသာမက တိုင်းပြည်၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေကြောင်း။

အခွန်အခများကိုလည်း မှန်မှန်ကန်ကန် ပေးဆောင်ကြရန်လိုကြောင်း၊ တချို့ကုမ္ပဏီများ၊ လုပ်ငန်းရှင်များသည် နည်းမျိုးစုံဖြင့် အခွန်ရှောင်ကြသည့်အတွက်ကြောင့် စာရင်းစစ်အဖွဲ့က ဝင်ရောက်စစ်ဆေးသည့်အခါ အခွန်ငွေများ အဆမတန်များစွာ ပြန်ဆောင်ရခြင်းမျိုးရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိအတွက်နှင့် နိုင်ငံတော်အတွက် အတ္တ/ပရ မျှတစွာ ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မကြာမီ အမျိုးသားညီလာခံကြီး ကျင်းပပြီးစီးတော့မှာဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသည့် ခေတ်မီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် အသင်းအဖွဲ့၊ ကုန်သည်၊ လုပ်ငန်းရှင်များကလည်း ကျရာအခန်းကဏ္ဍမှ ပါဝင်ကြရမှာဖြစ်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးအရှိန်အဟုန်ကို ယခုအချိန်ကစပြီး မြှင့်တင်ဆောင်ရွက်ရင်း အခြေခံကောင်းများရရှိအောင် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ကြပါဟု ပြောကြားသွားသည်။ (သတင်းစဉ်)

ကမ္ဘာ့လောင်စာဆီဈေးနှုန်းနှင့် ကမ္ဘာ့စားအုန်းဆီ ဈေးနှုန်းတို့သည်လည်း အမြဲပြောင်းလဲပြီး ဈေးနှုန်းကြီးမြင့်နေသဖြင့် တစ်ဖက်မှ ချွေတာသုံးစွဲရန် လိုအပ်လျက်ရှိ။ ဘိုင်အိုဒီဇယ် ထွက်ရှိသည့် ကြံစည်းရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုးရေးနှင့် ဆီထွက်သီးနှံပင်များ တိုးချဲ့စိုက်ပျိုးရေးကို အလေးထား ဆောင်ရွက်လျက်ရှိ။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် စာအုပ်များပေးအပ်လှူဒါန်းပွဲနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေတို့သည် ဇူလိုင်၈ရက် နံနက်ပိုင်းတွင် ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမဆောင်၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေမိသားစု၏ စတုတ္ထအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့ကြသည့် ဆရာ၊ဆရာမများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် သူငယ်တန်းမှ နဝမတန်းအထိ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေတို့က ထူးချွန်ဆုနှင့်ဂုဏ်ပြုဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၁၀၀ ကို ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ဇနီးတို့က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံသည်။

ဆက်လက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ငါန်းဇွန်မြို့ အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုသဘင်အတွက် အလှူငွေကျပ်ငါးသောင်းကို ကျောင်းအုပ်ဆရာကြီး ထံသို့ ပေးအပ်လှူဒါန်းသည်။

ပူးပေါင်းဆောင်ရွက်

ယင်းနောက် ထူးချွန်ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ဗဟိုအလုပ်အမှုဆောင်သည် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်ပြီး ခရိုင်၊ မြို့နယ်အတွင်းရေးမှူးများနှင့် မြို့နယ်အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများ၊ အသင်းဝင်များနှင့် တွေ့ဆုံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်အောင်မြင်ရေးအတွက်တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့်ဇနီးတို့သည် ခြသေ့်လက်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း စိန်စွန်ညိုကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီးစိန်စွန်ညိုကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် မြို့သာမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေမိသားစု၏ စတုတ္ထအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားသည်။

ယင်းနောက်မန္တလေးဆေးတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသည့် ဆေးကျောင်းသား တစ်ဦးအတွက်ဒုတိယအကြိမ်ပညာသင်စရိတ်ဂုဏ်ပြုဆုငွေကျပ်ငါးသိန်းကိုလည်းကောင်း၊၂၀၀၆-၂၀၀၇ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်စွာ အောင်မြင်အောင် ကြိုးကြပ်/သင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမများအားလည်းကောင်း၊ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် သူငယ်တန်းမှ နဝမတန်းအထိ အတန်းလိုက် ပညာရည်ချွန်ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုနှင့် ဂုဏ်ပြုဆုများကို ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ဇနီးတို့က ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီးနောက် မြို့သာ အခြေခံပညာအထက်တန်းကျောင်းသို့ ကျောင်းသုံး ဗလာစာအုပ်ဒါဇင် ၁၀၀ ကို ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ဇနီးတို့က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ် ဆရာမကြီးက လက်ခံပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်း စတုတ္ထအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (ပို့ဆောင်ရေး)

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မရတနာဃရ အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီးတွင် အကြိမ်(၄၀)မြောက် အဘိဓမ္မာ(၇)ကျမ်း (အာဂမ+သဘာဝ)စာတော်ပြန် ဆွမ်းအလှူတစ်နေ့တာအတွက် ဆရာကြီး ဒေါ်ဘဒ္ဒဝဇီရာနှင့် ကျေးဇူးရှင်မိဘများအား အမှူးထား၍ ဒေါက်တာ မြင့်ဝင်း၊ မယဉ်ယဉ်နု၊ မောင်အောင်မင်းဦး၊ စိုင်းအောင်ဖေမိသားစုတို့က အသင်းဥက္ကဋ္ဌ ဆရာကြီး ဦးညွန့်စိန် (မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာအာဘိဓမ္မိကဝိသိဋ္ဌ-ကလျာဏ ဉာဏဓဇ)ထံ ငွေကျပ် ၈၀၀၀၀၀ကို ဆူးလေအသင်းတိုက်တွင် ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဂုဏဝိသိဋ္ဌပူဇော်ပွဲဂုဏ်ပြုစာစောင်ထုတ်မည်

ရန်ကုန် ဇူလိုင် ၁၄

အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမ ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာန မဟာနာယက နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒဝံသ သက်တော်ရှည် မဟာထေရ်မြတ်ကြီးအား ဂုဏဝိသိဋ္ဌပူဇော်ပွဲကို ဒီဇင်ဘာ ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ရာ ဂုဏဝိသိဋ္ဌပူဇော်ပွဲနှင့် သက်ဆိုင်သော ဂုဏ်ပြုစာစောင် ထုတ်ဝေမည်ဖြစ်ရာ ဘာသာရေးနှင့် ပတ်သက်သော ကဗျာ၊ ဒွေးချိုး၊ ရတု၊ ပြဇာတ်၊ ဝတ္ထု၊ ဆောင်းပါး စသည်တို့ကို ၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်နေ့ နောက်ဆုံးထားပြီး စာစောင်ဖြစ်မြောက်ရေးကော်မတီ ရွာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့နယ် ဖုန်း-၀၁-၆၄၀၀၇၅သို့ ပေးပို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

စီးပွားရေးတက္ကသိုလ် ဘွဲ့ရ ကျောင်းသားဟောင်းများ ဝါဆိုသင်္ကန်းကပ်လှူပွဲ ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၁၄

၁၉၇၄-၇၈စီးပွားရေးတက္ကသိုလ်(ရန်ကုန်)ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၉ ရက် (ဓမ္မစကြာနေ့) တနင်္ဂနွေနေ့ နံနက် ၁၀ နာရီတွင် မင်းကွန်းတိပိဋကနိကာယ ကျောင်းတိုက်၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ကိုလင်းကြည် ဖုန်း-၀၉၅၀၀၈၁၂၂၊ ကိုမင်းသန်းဋ္ဌေး ဖုန်း-၅၃၄၅၄၉၊ ကိုခိုင်စိုးသိန်း ဖုန်း-၂၉၄၃၉၁၊ ကိုအေးမြင့် ဖုန်း-၂၉၂၅၁၃၊ မစန်းစန်းအေး ဖုန်း-၅၄၈၆၆၄၊ မကြူကြူဝင်း ဖုန်း-၀၉၅၁၃၉၉၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အမျိုးသားညီလာခံသို့တက်ရောက်ရန် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကချင်ပြည်နယ်တို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၄

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကချင်ပြည်နယ်တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။

အဆိုပါအမျိုးသားညီလာခံကိုယ်စားလှယ်များအား အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်းနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုကြပြီး အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ရှမ်းပြည်နယ် (တောင်ပိုင်း) မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူတွေ့ရစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၇-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း ၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် "ချစ်ခွင့်ပန်မယ် နည်းလမ်းသုံးသွယ်"**
၁း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၂၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၃၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၃၅ ၅။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၉။ နိုင်ငံတကာသတင်း
၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၄၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၅ ၁၂။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပဲပေါင်မုန့်" (အပိုင်း-၁၁)**
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သေကံမရောက်" (အပိုင်း-၆)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် အမျိုးသားရေး

တိုင်းရင်းသားပြည်သူ တို့၏ အကြွင်းမဲ့အာဏာပိုင်စိုးမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တည်ရှိသည်။ နိုင်ငံတော်အာဏာသည် ပြည်သူတို့ထံမှ ဆင်းသက်သည်ဟုဆိုထားရာ နိုင်ငံတော်အာဏာ၏ အသက်ဝိညာဉ် ရှင်သန်မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ဖြစ်သည်။ ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတော်၏ တရားဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးဟူသော နိုင်ငံတော်၏ အာဏာသုံးရပ်ကို ပြည်သူတို့၏ ဆန္ဒဖြင့်ပြဋ္ဌာန်းရမည်ဖြစ်သည်။ ယင်းသည်ပင်လျှင် ပြည်သူတို့၏ အာဏာပိုင်စိုးမှုကို ဖော်ကျူးသော ပကတိအရှိတရားဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်ထောင်စုသမ္မတနိုင်ငံတော်အဖြစ်လည်းကောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတနိုင်ငံတော်အဖြစ်လည်းကောင်း နိုင်ငံတော်ကို ဖွဲ့စည်းထူထောင်ခဲ့ကြသည်။ **နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူတို့၌ တည်သည်။ ပြည်သူတို့က ထိုအာဏာအရပ်ရပ်အား ယင်းတို့က ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များသို့ အခြေခံဥပဒေနှင့်အညီ ခွဲဝေအပ်နှင်းသည်**ဟူသော ဒီမိုကရေစီ၏ အုတ်မြစ်ကို ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်လည်းကောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်းကောင်း အခိုင်အမာချမှတ်ခဲ့ကြသည်။ **ပြည်သူတို့က ရေးဆွဲပြဋ္ဌာန်း၍ ပြည်သူတို့အား နှင်းအပ်သော အခြေခံဥပဒေ** ဟူ၍လည်း ဥဒါန်းကျူးရင့်ထားကြသည်။

စင်စစ် ပြည်သူအတွက် ပြည်သူကတာဝန်ယူဆောင်ရွက်သည့် ပြည်သူ့အစိုးရစနစ်ဟူသော ဒီမိုကရေစီ၏ သဘောသဘာဝသည် အလွန်တရာကောင်းမွန်သော လူမှုဆက်ဆံရေးကျင့်စဉ်ဖြစ်သည်။ ထို့ကြောင့်ပင် ဒီမိုကရေစီသည် ကြွေးကြော်ရန်မဟုတ်၊ နေ့စဉ်ကျင့်ကြံ လိုက်နာလုပ်ဆောင်ရန်ဖြစ်သည်ဟု ဆိုသည်။ တစ်နည်းအားဖြင့် ကျင့်ဝတ်သီလလည်းဖြစ်သည်၊ နည်းနာလည်းဖြစ်သည်၊ ခရီးအဆုံးမဟုတ်၊ လိုရာပန်းတိုင်သို့ ရောက်ရှိရန်အတွက်စီးနင်းသွားရသည့် ယာဉ်ရထားဖြစ်သည်။ ခေါင်းဆောင်ဆိုသူတို့က တာဝန်သိစွာ ပျိုးထောင်စောင့်ရှောက်ကြရန်ဖြစ်သည်။ ပြည်သူတို့ကလည်း မပြတ်သောသတိဖြင့် ကာကွယ်စောင့်ရှောက်ရမည့်တာဝန် ရှိသည်။ ဤသို့အားဖြင့် ဒီမိုကရေစီနှင့်ထိုက်တန်သော အကျိုးကိုခံစားကြရမည်ဖြစ်သည်။

သို့သော်လည်း ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အတူ ပါလီမန် ဒီမိုကရေစီခေတ်သည် ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ၁၄ နှစ်ကြာကာလတွင်လည်းကောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အတူ ဆိုရှယ်လစ် ဒီမိုကရေစီခေတ်သည်လည်း ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ၁၄နှစ်ကြာ ကာလတွင်လည်းကောင်း ချုပ်ငြိမ်းကွယ်ပျောက် ဇာတ်သိမ်းခန်း ရောက်ခဲ့ကြသည်မှာ သင်ခန်းစာယူဖွယ်လည်းဖြစ်သည်။ သံဝေဂရဖွယ်လည်းကောင်းသည်။

စင်စစ် နိုင်ငံကိုတာဝန်ယူဦးဆောင်သော အစိုးရအဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်များကို ခေတ်ကာလအခြေအနေနှင့်အညီ အချိန်နှင့်တစ်ပြေးညီပြင်ဆင်ချက် အက်ဥပဒေများ မပြဋ္ဌာန်းနိုင်ခြင်းသည်လည်းကောင်း၊ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာစောင့်ထိန်းကျင့်သုံးမှုမရှိဘဲ မိမိအစိုးရအဖွဲ့ အာဏာတည်မြဲရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို မျှော့ကြိုးသဖွယ် လိုအပ်သလိုအသုံးပြုပြီး ဥပဒေကို ပြည်သူအား မျက်လှည့်ပြအသုံးချခဲ့ခြင်းသည်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေအသက်မဝင် မရှင်သန်ဘဲ ချုပ်ငြိမ်းစေရသော အကြောင်းတရားများဖြစ်ခဲ့သည်။ (ဥပမာအားဖြင့်) ၁၉၅၈ ခုနှစ် အာဏာရ ဖဆပလအစိုးရ နှစ်ခြမ်းကွဲကာလတွင် ပြည်သူ့လွှတ်တော်၌ ရှစ်မဲအသာဖြင့်သာ အစိုးရဖွဲ့ခဲ့သည့် ဦးနုခေါင်းဆောင်သော သန့်ရှင်းဖဆပလအစိုးရက ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံပုဒ်မ ၁၂၅(၁)အရ ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာတော် နှစ်တိုင်း တစ်နှစ်အတွက် ပြည်ထောင်စုနိုင်ငံရသုံးမှန်းခြေ ငွေစာရင်းများပြုစုပြီး ယင်းစာရင်းများကို ပြည်သူ့လွှတ်တော်သို့ တင်ပြဆွေးနွေးအတည်ပြုချက် ရယူရမည်ဖြစ်သော်လည်း သန့်ရှင်းအစိုးရက လွှတ်တော်ကိုဖျက်သိမ်းပြီး နိုင်ငံတော်သမ္မတ၏ တစ်ချက်လွှတ်အမိန့်ဖြင့် နိုင်ငံတော်ရသုံးမှန်းခြေ ငွေစာရင်းဘတ်ဂျက်ကို အတည်ပြုခဲ့သည်။ အကြောင်းမှု ပြည်သူ့လွှတ်တော်တွင် ဘတ်ဂျက်အတည်ပြုရေးဆွေးနွေးခဲ့ပြီး အတည်ပြုချက်မရဘဲ မဲခွဲဆုံးဖြတ်၍ ရှုံးနိမ့်ခဲ့လျှင် အစိုးရအဖွဲ့ ပြုတ်ကျနိုင်သည့်အတွက် ပြည်သူ့လွှတ်တော်ကိုဖျက်သိမ်းခြင်း၊ နိုင်ငံတော်ဘတ်ဂျက်ကို တစ်ချက်လွှတ်အမိန့်ဖြင့် ပြဋ္ဌာန်းခြင်းတို့ဖြင့် သန့်ရှင်းဖဆပလအစိုးရသည် မိမိအာဏာတည်မြဲရေးအတွက် ပါလီမန်ဒီမိုကရေစီ အစဉ်အလာကိုချိုးဖောက်ခြင်း၊ မိမိအာဏာတည်မြဲရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို စက္ကူလုပ်ခြင်းဟူ၍ အတိုက်အခံဆွေငြိမ်း ဖဆပလအဖွဲ့က ဝေဖန်ခဲ့သည်။ ယင်းအပြင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြည်နယ်များအနေဖြင့် နောင်ဆယ်နှစ်ကြာလျှင် ခွဲထွက်လိုက ခွဲထွက်နိုင်ခွင့်ရှိသည်ဟူ၍ပါရှိခဲ့ရာ ယင်းပြဋ္ဌာန်းချက်ကို အာဏာမစွန့်လွှတ်လိုသော ရှမ်းစော်ဘွားပဒေသရာဇ်များနှင့် လူမျိုးရေးအစွန်းရောက် တိုင်းရင်းသားနိုင်ငံရေးပါတီတို့က အသေဆုပ်ကိုင်ပြီး ရှမ်းပြည်နယ်ခွဲထွက်ရေးကို အကျပ်ကိုင်တောင်းဆိုခြင်း၊ အရှေ့တောင်အာရှစစ်အုပ်စု(ဆီးတိုး)နှင့်ပူးပေါင်းပြီး ပြည်ထောင်စုပြိုကွဲရန် လုပ်ကြံစီစဉ်လာခြင်းတို့မှာလည်း ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အားနည်းချက်ပင်ဖြစ်သည်။ ထို့အတူပင် ပထစအစိုးရသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၁/၁ အရ **ဗုဒ္ဓဘာသာသာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသည့် ဘာသာကြီးဖြစ်သည်** ဟူသောပြဋ္ဌာန်းချက်အား **ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဘာသာကြီးဖြစ်သည့် အားလျော်စွာ နိုင်ငံတော်ဘာသာ သာသနာဖြစ်စေရမည်** ဟူသော ပြင်ဆင်ချက်ဥပဒေဖြင့် အစားထိုးခဲ့ခြင်းဖြင့် နိုင်ငံရေးကိစ္စကို ဘာသာရေးဖြင့် အသုံးချခဲ့သည့်အတွက် လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများဖြစ်လာခဲ့ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေခဲ့သည်။

ထိုနည်းတူ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူ့ဆန္ဒခံယူပွဲများဖြင့် အတည်ပြုခဲ့သည်ဆိုသော်လည်း လမ်းစဉ်ပါတီက တစ်ပါတီစနစ်အရ ဦးဆောင်ပြီး ရေးဆွဲပြဋ္ဌာန်းခဲ့ရခြင်းသည် အဓိကအားနည်းချက်ဖြစ်သည်။ ယင်းအပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ စီးပွားကုန်သွယ်ရေးလုပ်ငန်းများသည် ပါတီ၏ဦးဆောင်မှု မူဝါဒကိုခံယူကျင့်သုံးရမည် ဟူသောပြဋ္ဌာန်းချက်ကို ကျင့်သုံးရာတွင် ပါတီဝင်အချို့သည် လူပုဂ္ဂိုလ်ကိုယ်တိုင် ဝင်ရောက်ဦးဆောင်စွက်ဖက် ဆောင်ရွက်ခြင်းတို့ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်သကဲ့သို့ ဖြစ်ခဲ့ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင် ဆန္ဒခံယူခွင့် အရည်အချင်းသတ်မှတ်ချက် ပြည့်စုံပါက ပါတီဝင်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မည်သူမဆို နိုင်ငံတာဝန်ထမ်းဆောင်ရန် ဝင်ရောက်ယှဉ်ပြိုင်ဆန္ဒခံယူခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသော်လည်း သတ်မှတ်အရည်အချင်းပြည့်စုံသော ပါတီဝင်မဟုတ်သူ ပြည်သူတို့ကို ပါဝင်ယှဉ်ပြိုင် ဆန္ဒခံယူမှုမပြုနိုင်ရန် နည်းအမျိုးမျိုးတို့ဖြင့် တားမြစ်ပိတ်ပင်ခဲ့သည်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ရာရောက်သည့်အပြင် နိုင်ငံသားများ၏ ရပိုင်ခွင့်ကို အသိအမှတ်မပြုရာ ရောက်ခဲ့သည်။ ပို၍ဆိုးရွားလာသော အခြေအနေမှာ နိုင်ငံတော်၏ တစ်ခုတည်းသော ဦးဆောင်နိုင်ငံရေးပါတီအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် လမ်းစဉ်ပါတီအတွင်း မြို့နယ်ပါတီယူနစ်များတွင် စည်းရုံးရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ တာဝန်ခွဲဝေမှုများသည် ဘက်လိုက်မှု၊ အုပ်စုအလိုက် သြဇာထူထောင်မှုတို့ကို ကျင့်သုံးလာခဲ့သဖြင့် ပါတီတွင်း စည်းရုံးရေးပျက်ပြားမှုများ၊ အားပြိုင် ဘက်လုမှုများဖြစ်လာပြီး ပြည်သူတို့၏ ယုံကြည်ထောက်ခံမှု အားနည်းလာခဲ့သည်။ ထို့ပြင် ဝိသမလောဘမှောင်ခို စီးပွားရေးသမားများနှင့် သောင်းကျန်းသူများ လက်ထဲ၌ရှိနေသော ငွေမည်းများဖော်ထုတ်ရေးအတွက် ငွေစက္ကူများကို တရားမဝင်ငွေများအဖြစ် သုံးကြိမ်တိုင်တိုင် ကြေညာခဲ့ခြင်းဖြင့် ဝိသမလောဘမှောင်ခိုစီးပွားရေးသမားများနှင့် သောင်းကျန်းသူများတွင် အထိနာစေခဲ့သည့်နည်းတူအခြားတစ်ဖက်တွင်လည်း လက်လုပ်လက်စား ဆင်းရဲသားအရောင်းအဝယ်သမားများ အများပြည်သူတို့အတွက် စားဝတ်နေရေးကို များစွာ ထိခိုက်နစ်နာစေခဲ့သည်။

ယင်းဖြစ်စဉ်များ၏ အခြေခံအကြောင်းတရားများအနက် **ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာကျင့်သုံးခဲ့ခြင်း မရှိသော လူပုဂ္ဂိုလ်တို့၏ အားနည်းချက်များဖြစ်သည့် လူ၏ပယောဂများနှင့် ပြဋ္ဌာန်းထားသည့် ဥပဒေများ၏ မခိုင်မာမှု၊ မပြည့်စုံမှု၊ ချွတ်ယွင်းချက်များ အပါအဝင် ကာလဒေသနှင့်မလျော်ညီမှုတို့ကြောင့် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖွဲ့စည်းထူထောင်ထားသည့် ခေတ်စနစ်တို့သည်လည်း ချုပ်ငြိမ်းကွယ်ပျောက်ဇာတ်သိမ်းခန်းရောက်ခဲ့ခြင်းဖြစ်သည်။**

စင်စစ် **တပ်မတော်အစိုးရသည် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့၏ အားနည်းချက်များအားလည်းကောင်း၊ နိုင်ငံတကာ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်များအားလည်းကောင်း လေ့လာဆင်ခြင်ပြီး မျက်မှောက်ခေတ် မြန်မာနိုင်ငံ၏ အခြေအနေနှင့် ဖြတ်သန်းလာခဲ့ရသော မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေအရပ်ရပ်တို့ကို သင်ခန်းစာအဖြစ်ရယူလျက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။**

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ကိုလိုနီလက်အောက်တွင် ၁၁၁ ဦးသော လူပုဂ္ဂိုလ်တို့ဖြင့် ရက်ပေါင်း ၁၀၈ ရက်အတွင်း နည်းနည်းနှင့်ကျဲကျဲဝိုင်းပြီး ရေးဆွဲပြဋ္ဌာန်းခဲ့ရခြင်းဖြစ်သည်။ ဤသို့အားဖြင့် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ဗြိတိသျှနယ်ချဲ့အစိုးရလက်အောက်တွင် ရေးဆွဲရခြင်း၊ လွတ်လပ်ရေး မြန်မြန်ရယူလိုသောဆန္ဒဖြင့် လူနည်းနည်း၊ ရက်နည်းနည်း၊ ကာလတိုအတွင်း ရေးဆွဲရခြင်း၊ လွတ်လပ်ရေးမရခင်တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းမကွဲ လက်တွဲမပျက် ခရီးဆက်လိုခြင်း၊ လွတ်လပ်ရေးရပြီး ဆယ်နှစ်ကြာလျှင် တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုများ ရရှိလိမ့်မည်ဟု ယုံကြည်ခဲ့ခြင်း စသောအခြေအနေအရပ်ရပ်အပေါ် မူတည်ပြီး ရေးဆွဲခဲ့ရသဖြင့် ခိုင်မာပြည့်စုံသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်ရပ် ဖြစ်မလာခဲ့ပေ။ အထူးသဖြင့် နိုင်ငံ၏ ဖွဲ့စည်းပုံအရ ပြည်နယ်လေးပြည်နယ်သာ ဖွဲ့စည်းထားခြင်းသည် တိုင်းရင်းသားလူမျိုးအချို့တွင် ဗမာလူမျိုးကြီးဝါဒလွှမ်းမိုးသည်ဟူသော အယူအဆနှင့် သံသယများ ဖြစ်ပေါ်လာစေခဲ့သည်။ ယင်းအယူအဆနှင့် သံသယအား မီးလောင်ရာလေပင့်သကဲ့သို့ တိုင်းရင်းသားလူမျိုးများအတွင်း ပိုမိုကြီးမားကျယ်ပြန့်လာစေရန် နယ်ချဲ့အုပ်စုက သပ်လျှိုသွေးခွဲရာတွင် အကောင်းဆုံးလမ်းကြောင်း ဖြစ်လာစေခဲ့သည်။

ထို့ကြောင့်ပင် တိုင်းရင်းသားအချို့၏ လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်မှု ပဋိပက္ခဖြစ်ပွားလာခဲ့သည်။ ပြည်ပသူလျှိုအဖွဲ့အစည်းနှင့် အာဏာမစွန့်လွှတ်လိုသော ပဒေသရာဇ်စော်ဘွားများ၊ လူမျိုးရေးအစွန်းရောက် တိုင်းရင်းသားနိုင်ငံရေးပါတီများ ပူးပေါင်းပြီး ပြည်ထောင်စုစစ်စစ်မှု (ဖက်ဒရယ်မှု)ကို

တပ်မတော်အစိုးရသည် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့၏ အားနည်းချက်များအားလည်းကောင်း၊ နိုင်ငံတကာ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်များအားလည်းကောင်း လေ့လာဆင်ခြင်ပြီး မျက်မှောက်ခေတ် မြန်မာနိုင်ငံ၏ အခြေအနေနှင့် ဖြတ်သန်းလာခဲ့ရသော မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေ အရပ်ရပ်တို့ကို သင်ခန်းစာအဖြစ်ရယူလျက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။

ဖွဲ့စည်
အား ပ
ဆွေးနွေး
ခဲ့လျှင်
ဖမ်းပြီး စ

အကျပ်ကိုင် တောင်း
သည်အထိ ပြည်
ယင်းအခြေအနေအ
ဥပဒေကို ချုပ်ငြိမ်း
ကားချပြီး ဇာတ်သိ
ထို့အတူပင် ၁
စနစ် ထူထောင်စဉ်
ဥပဒေအား ဗဟိုအ
ရပ်ကွက်အဆင့်အ
ပြည်သူလူထုနှင့် တို
ဒုတိယမူကြမ်းတို့ကို
ကျင်းပပြီး အတည်
သို့သော်လည်
လက်တွေ့ပြည်သူ့
တို့၏ အကျိုးစီးပွာ
သည်။ ၁၉၇၄ ခုနှ
နယ်ပယ်၌ မှတ်ကျေ
က အဖြေပေးခဲ့ပြီး
တစ်ရပ်သည် သက်
နိုင်ခြင်း မရှိသော
ပေါ်ပေါက်လာရမြ
(က) တိုင်းပြု
ခံယူ၍ဖြ
တစ်ရပ်
(ခ) ပြည်သူ
ရေးယန္တ
လူထုနည်
(ဂ) တပ်မတေ
ယူထား
ယိုယွင်း
ဦးဆော
အထက်ဖော်ပြ
နိုင်ငံတစ်နိုင်ငံတည်း
တွင် ဖြစ်ခဲ့၊ ဖြ
ဖြစ်သည်။
တပ်မတော်သ
ခုနှစ် စက်တင်ဘာ
တာဝန်ကို လွှဲပြော
ဝင်ရောက်တာဝန်ယ
အတွက် ခိုင်မာသော
ယုံကြည်ခဲ့သည်။
ထို့ကြောင့်ပင်
လှယ်များ၊ရွေးကော

နှင့် သောင်းကျန်းသူများ
တွက် ငွေစက္ကူများကို
ခဲ့ခြင်းဖြင့် ဝိသမလောဘ
းတွင် အထိနာစေခဲ့သည့်
ား ဆင်းရဲသားအရောင်း
ဝတ်နေရေးကို များစွာ

းများအနက် **ဖွဲ့စည်းပုံ**
ကျင့်သုံးခဲ့ခြင်း မရှိသော
ယောဂများနှင့် ပြဋ္ဌာန်း
တ်ယွင်းချက်များ အပါ
စည်းပုံအခြေခံဥပဒေနှင့်
ဦး ချုပ်ငြိမ်းကွယ်ပျောက်

စည်းအုပ်ချုပ်ပုံအခြေခံ
အားနည်းချက်များအား
အားနည်းချက်များအား
ခေတ် မြန်မာနိုင်ငံ၏
၏ နိုင်ငံရေး၊ စီးပွားရေး၊
ဖြစ်ရယူလျက် ဖွဲ့စည်းပုံ
င်ရှက်နေခြင်းဖြစ်သည်။
ည် ကိုလိုနီလက်အောက်
င်း ၁၀၈ ရက်အတွင်း
စ်သည်။ ဤသို့အားဖြင့်
ဗြိတိသျှနယ်ချဲ့အစိုးရ
မြန်ရယူလိုသောဆန္ဒဖြင့်
ဆွဲရခြင်း၊ လွတ်လပ်ရေး
က်တွဲမပျက် ခရီးဆက်
ဦးနှင့်တစ်ဦး နားလည်မှု၊
သာအခြေအနေအရပ်ရပ်
သော ဖွဲ့စည်းအုပ်ချုပ်ပုံ
 နိုင်ငံ၏ ဖွဲ့စည်းပုံအရ
 တိုင်းရင်းသားလူမျိုး
သော အယူအဆနှင့်
အဆနှင့် သံသယအား
ျားအတွင်း ပိုမိုကြီးမား
ခဲ့ရာတွင် အကောင်းဆုံး

ကိုင်ဆန့်ကျင်တိုက်ခိုက်မှု
ဦးနှင့် အာဏာမစွန့်လွှတ်
န်းရောက် တိုင်းရင်းသား
စ်မှု (ဖက်ဒရယ်မှု)ကို

ခံဥပဒေနှင့်
ည်းကောင်း၊
ည်းကောင်း
င့် ဖြတ်သန်း
နေ အရပ်ရပ်
ပြဋ္ဌာန်းရန်

မျိုးသားရေးတာဝန်ဖြစ်သည်

ကျော်စိုး(ကျိုက္ကမရော)

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရမည့် အမျိုးသားရေးတာဝန်အား ပါတီအဖွဲ့အစည်းတစ်ရပ်၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့်မရနိုင်ပေ။ ရနိုင်သည်ဟူ၍ အစွဲအလမ်း လွဲမှားစွာယုံကြည်ခဲ့လျှင် ယင်းယုံကြည်သူ ပါတီအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်သည် အာဏာငန်းဖမ်းပြီး စိတ္တဇအိပ်မက် မက်နေသူသာဖြစ်။

အကျပ်ကိုင် တောင်းဆိုခဲ့သည်။ လျှို့ဝှက်စစ်ရေးပြင်ဆင်မှုများ လုပ်ဆောင်လာသည်အထိ ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ် ကျရောက်လာခဲ့သည်။ ယင်းအခြေအနေအရပ်ရပ်သည်ပင် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ချုပ်ငြိမ်းစေခဲ့ရသည်။ ပါလီမန် ဒီမိုကရေစီခေတ်သည် ပြည်ဖုံးကားချပြီး ဇာတ်သိမ်းခဲ့ရသည်။

ထို့အတူပင် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း တစ်ပါတီစနစ် ထူထောင်စဉ် ကာလအတွင်း ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ယင်းအခြေခံဥပဒေအား ဗဟိုအဆင့်မှ ပြည်နယ်နှင့်တိုင်းအဆင့်၊ မြို့နယ်အဆင့်၊ ကျေးရွာရပ်ကွက်အဆင့်အထိ ကော်မရှင်အဖွဲ့များ၊ ရှင်းလင်းရေးအဖွဲ့များ ဖွဲ့စည်းပြီး ပြည်သူလူထုနှင့် တိုက်ရိုက်တွေ့ဆုံအကြံပြုချက်များခံယူ၍ ပထမမူကြမ်းနှင့် ဒုတိယမူကြမ်းတို့ကို ရေးဆွဲခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြုခဲ့သည်။

သို့သော်လည်း မည်မျှပြည့်စုံသော သဘောတရားများ ဖြစ်စေကာမူ လက်တွေ့ပြည်သူ့ဘဝနယ်ပယ်၌ မှတ်ကျောက်တင်ခံနိုင်ခြင်းရှိမရှိကို ပြည်သူတို့၏ အကျိုးစီးပွားဖော်ဆောင်နိုင်ခြင်း ရှိမရှိက အဆုံးအဖြတ်ပေးမည်ဖြစ်သည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လက်တွေ့ပြည်သူ့ဘဝနယ်ပယ်၌ မှတ်ကျောက်တင်ခံနိုင်ခြင်းမရှိကြောင်း ၁၉၈၈ ခုနှစ် အရေးအခင်းက အဖြေပေးခဲ့ပြီးဖြစ်သည်မှာ ငြင်းပယ်၍ မရနိုင်ပေ။ အခြေခံဥပဒေတစ်ရပ်သည် သက်ဆိုင်ရာနိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ခြင်း မရှိသောကာလတွင် အောက်ပါလုပ်နည်း လုပ်ဟန်တစ်ရပ်ရပ်သည် ပေါ်ပေါက်လာရမြဲဖြစ်သည်-

(က) တိုင်းပြုပြည်ပြုလွှတ်တော်သစ် ခေါ်ယူ၍ဖြစ်စေ၊ ပြည်သူ့ဆန္ဒခံယူ၍ဖြစ်စေ ဒီမိုကရေစီ နည်းလမ်းဖြင့် အခြေခံဥပဒေအသစ်တစ်ရပ်ကို ရေးဆွဲကြရမည်ဖြစ်သည်။

(ခ) ပြည်သူလူထု၏ အုံကြွဆန့်ကျင်မှုများဖြင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားဟောင်း ပြိုကွဲပျက်စီးခဲ့ရာတွင် ယန္တရားအသစ်ကို လူထုနည်းဖြင့် ဖန်တီးယူတတ်ကြသည်။

(ဂ) တပ်မတော်ကဲ့သို့ နိုင်ငံလုံခြုံရေးနှင့် ကာကွယ်ရေးကို တာဝန်ယူထားရသော အမျိုးသားရေးအင်အားစု အဖွဲ့အစည်းများက ယိုယွင်းလာသော နိုင်ငံတော်၏ အခြေအနေကို ကြားဖြတ်ဦးဆောင်တာဝန်ယူ လွှဲပြောင်းထိန်းသိမ်းရခြင်းမျိုးလည်းရှိခဲ့သည်။

အထက်ဖော်ပြပါ အဖြစ်အပျက်များ၊ အခြေအနေများသည် မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင်း ဖြစ်ပေါ်ခြင်းမဟုတ်ပေ။ ကမ္ဘာနှင့်အဝန်း နိုင်ငံတကာတွင် ဖြစ်ခဲ့၊ ဖြစ်ဆဲ၊ ဖြစ်လာနိုင်သော ပကတိ အရှိတရားများပင်ဖြစ်သည်။

တပ်မတော်သည် ၁၉၆၂ခုနှစ် မတ်လ ၂ရက်တွင်တစ်ကြိမ်၊ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်တွင် တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် နိုင်ငံ့တာဝန်ကို လွှဲပြောင်းထိန်းသိမ်းခဲ့ရပြီးဖြစ်ရာ မကြာခဏ တပ်မတော်က ဝင်ရောက်တာဝန်ယူ ထိန်းသိမ်းရမည့် အခြေအနေများကို မလိုလားသည့်အတွက် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲရန် လိုအပ်သည်ဟု ယုံကြည်ခဲ့သည်။

ထို့ကြောင့်ပင် တပ်မတော်အစိုးရသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးများမှ ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သော ပုဂ္ဂိုလ်များ အပါအဝင် ကိုယ်စားလှယ်ပေါင်း ၇၀၂ ဦးကို ဖိတ်ကြားပြီး ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်တွင် အမျိုးသားညီလာခံကို ကျင်းပခဲ့သည်။ အမျိုးသားညီလာခံအား ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ခြောက်ကြိမ်ကျင်းပခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်ရေးဆွဲပြဋ္ဌာန်းရန် အခြေခံမူ ၁၀၄ ချက်နှင့် ကဏ္ဍခုနစ်ရပ်နှင့် ပတ်သက်သော အသေးစိတ် အခြေခံရမည့်မူများကိုလည်း အတည်ပြုချမှတ်နိုင်ခဲ့သည်။

သို့သော်လည်း ၁၉၉၅ ခုနှစ်တွင် ညီလာခံသို့ တက်ရောက်နေသော NLD ပါတီသည် ပါတီဝင်အဖြစ်မှ ထုတ်ပယ်ပြီးကြောင်း ရွေးကောက်ပွဲကော်မရှင်သို့ တရားဝင်အသိပေးထားပြီးဖြစ်သည့် ပါတီအထွေထွေ အတွင်းရေးမှူးပြုတ် ဒေါ်စုကြည်၏သဘောထားလမ်းညွှန်မှုဖြင့် ညီလာခံကို ဆန့်ကျင်ကျောခိုင်း ထွက်ခွာသွားခဲ့သည်။ ယင်းအခြေအနေသည် အမျိုးသားညီလာခံ ကျင်းပရေးနှင့် နိုင်ငံရေးဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုကို ယာယီအားဖြင့် ရပ်ဆိုင်းသွားစေခဲ့သည်။ NLD ပါတီသည် အမျိုးသားအရေးနှင့် အမျိုးသားအကျိုးစီးပွားကို အလေးမထား ပစ်ပယ်လျစ်လျူရှုပြီး မိမိပါတီ၏အရေး၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သဘောထားနှင့်နယ်ချဲ့အုပ်စု၏ အလိုကျ ညီလာခံကို ကျောခိုင်းခဲ့ခြင်းသာဖြစ်သည်။

မည်သို့ပင်ဖြစ်စေ **တပ်မတော်အစိုးရသည် NLD ပါတီအနေဖြင့် ဒီမိုကရေစီ ဖြစ်ပေါ်ရေး လမ်းကြောင်းကို သွေဖည်ဆန့်ကျင်သွားသော်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းရေး မျှော်မှန်းချက်ကို မျက်ခြည်ပြတ်မခံဘဲ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးကိုရှေးရှုပြီး ၂၀၀၄ခုနှစ် မေလ ၁၇ရက်နေ့မှ ဇူလိုင်လ ၉ရက်နေ့အထိ အမျိုးသားညီလာခံအပိုင်းတစ်ပိုင်းကို ပြန်လည်ကျင်းပခဲ့သည်။ ယင်းညီလာခံတွင် နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ရွေးချယ်ခံကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တောင်သူလယ်သမားများ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၇ဖွဲ့နှင့် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များ အပါအဝင် စုစုပေါင်းကိုယ်စားလှယ် ၁၀၈၆ဦး တက်ရောက်ညှိနှိုင်းဆွေးနွေးကြသည်။ ညီလာခံကိုယ်စားလှယ်များသည် ကဏ္ဍကြီး ၁၁ ရပ်နှင့် အခြားကိစ္စ ငါးရပ်တို့တွင် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေပေးမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများရရှိရန် ညှိနှိုင်းဆွေးနွေးပြီး အစုအဖွဲ့လိုက်စာတမ်းများပြုစု၍ စုံညီအစည်းအဝေးတွင် ဖတ်ကြားခဲ့ကြသည်။**

ယင်းနောက် အမျိုးသားညီလာခံကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်နေ့တွင် ပြန်လည်ကျင်းပပြီး ကဏ္ဍကြီး ၁၁ရပ်နှင့် အခြားကိစ္စ ငါးရပ်တွင် ဥပဒေပြုရေးဆိုင်ရာ ခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများကို အတည်ပြုချမှတ်နိုင်ခဲ့သည်။

ယင်းနောက် ၂၀၀၆ခုနှစ် အောက်တိုဘာလ ၁၀ရက်မှ ဒီဇင်ဘာလ ၂၉ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် အမျိုးသားညီလာခံမှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့်တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်သို့ ဥပဒေပြုခြင်းဆိုင်ရာ အသေးစိတ် အခြေခံရမည့်မူများ၊ တပ်မတော်အခန်းနှင့်နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များတို့အတွက် အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီး ဖြစ်သည်။

ထို့အတူပင် လာမည့် ၂၀၀၇ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် အမျိုးသား ညီလာခံကို ဆက်လက်ကျင်းပမည်ဖြစ်သည်။ ယင်းညီလာခံသည် နောက်ဆုံးအကြိမ် ကျင်းပသည့် ညီလာခံဖြစ်ရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးသည် လက်တစ်ကမ်းမျှသာရှိတော့သည်ဟု ဆိုနိုင်မည်ဖြစ်သည်။

ဤသို့အားဖြင့် **အမျိုးသားညီလာခံကို တပ်မတော်အစိုးရက တာဝန်ယူဦးဆောင်ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရန် အမျိုးသားညီလာခံကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များ၏ဆန္ဒကို ရယူညှိနှိုင်းခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် အမျိုးသားညီလာခံသည် တပ်မတော်အစိုးရက တစ်မျိုးသားလုံးနှင့် ညှိနှိုင်းရန်တွေ့ဆုံဆွေးနွေးခြင်းပင်ဖြစ်သည်။ တစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားရေးတာဝန်ဖြစ်သည့် ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် တစ်မျိုးသားလုံး၏ အခြေခံဆန္ဒသဘောထားကို ရယူခြင်းလည်းဖြစ်သည်။**

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရမည့် အမျိုးသားရေးတာဝန်အား ပါတီအဖွဲ့ အစည်းတစ်ရပ်၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့်မရနိုင်ပေ။ ရနိုင်သည်ဟူ၍ အစွဲအလမ်းလွဲမှားစွာ ယုံကြည်ခဲ့လျှင် ယင်းယုံကြည်သူ ပါတီအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်သည် အာဏာငန်းဖမ်းပြီး စိတ္တဇအိပ်မက် မက်နေသူသာဖြစ်သည်။

အမျိုးသားညီလာခံသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၊ တစ်မျိုးသားလုံး၏ဆန္ဒကို ထင်ဟပ်အခြေခံသည်။ အမျိုးသားရေးအနှစ်သာရကို ဖော်ဆောင်သည်။ တိုင်းပြု၊ ပြည်ပြု မွန်မြတ်သော လုပ်ငန်းလည်းဖြစ်သည်။ အမျိုးသားညီလာခံသည် တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံးကို ကိုယ်စားပြုသော တိုင်းပြုပြည်ပြုညီလာခံပင်ဖြစ်သည်။ ပါတီပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစားနှင့် အလွှာပေါင်းစုံ၊ ဆင်းရဲချမ်းသာ၊ ဆုကြေးနိမ့်မြင့် ကိုးကွယ်မှုဘာသာတရားတို့ ခွဲခြားခြင်းမရှိဘဲ ပကတိ စည်းလုံးညီညွတ်စွာ မျက်နှာစုံညီ တွေ့ဆုံဆွေးနွေး ညှိနှိုင်းဆုံးဖြတ်ပြီး အနာဂတ်နိုင်ငံတော်သစ်ကို ပန္နက်ရိုက်အုတ်မြစ်ချနေခြင်းဖြစ်သည်။ ဤသည်မှာ မျက်မှောက်မြန်မာနိုင်ငံသမိုင်းခေတ်က ပြဋ္ဌာန်းလာသော အမျိုးသားနိုင်ငံရေးဆိုင်ရာဖြစ်ပေါ်ပြောင်းလဲမှု သမိုင်းစဉ်တရားပင်ဖြစ်ရာ မည်သည့်ပါတီအဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကမျှ ဟန့်တားပိတ်ပင်ငြင်းပယ်ဆန့်ကျင်၍ မရနိုင်ပေ။ အကယ်၍ ဟန့်တားပိတ်ပင် ငြင်းပယ်ဆန့်ကျင်ရန် ကြိုးပမ်းလာခဲ့လျှင်လည်း ယင်းကြိုးပမ်းလာသူ လူပုဂ္ဂိုလ် ပါတီအဖွဲ့အစည်းသည် မြန်မာနိုင်ငံ၏ အနာဂတ်အမျိုးသားရေးသမိုင်းတွင် တရားခံအဖြစ် အမည်းစက်ဖြင့် ကမ္ပည်းတင်မည်သာဖြစ်သည်။

နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ပင်ဖြစ်သည်။ ယင်းရည်မှန်းချက်ပန်းတိုင်သို့သွားရာ ခရီးလမ်းကြောင်းမှာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဖြစ်ပြီး ယင်း၏အခြေခံအုတ်မြစ်အဖြစ် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို အောင်မြင်စွာ ကျင်းပလျက်ရှိသည်။

အမျိုးသားညီလာခံသည် အနာဂတ်နိုင်ငံတော်သစ်ဖြစ်ထွန်းရေးနှင့်အတူ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝဝန်းကျင်အား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် လူမှုဆက်ဆံနေထိုင်မှုအဆင့်သို့ မလွဲမသွေ ဆောင်ကြဉ်းပေးမည်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာတိုင်းရင်းသားပြည်သူတို့ ၏ လူမှုစီးပွားဘဝအား အေးချမ်းသာယာခြင်း၊ ညီညွတ်စည်းလုံးခြင်း၊ တိုးတက်ဖွံ့ဖြိုးခြင်းတို့ဖြင့် လွှမ်းခြုံထုံမွမ်းထားသည့် မြန်မာ့လူ့ဘောင်၊ လူ့အဖွဲ့အစည်းတစ်ရပ်ကို ဖော်ဆောင်ပေးမည်ဖြစ်သည်။

အမျိုးသားညီလာခံအောင်မြင်စွာကျင်းပနိုင်ရေးသည် နိုင်ငံရေးဦးတည်ချက်(၄)ရပ်အနက် "ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး"အတွက် အခြေခံအုတ်မြစ်ဖြစ်ရာ အမျိုးသားညီလာခံပျက်စီးရန် ရည်ရွယ်ဖန်တီးလာသည့် နိုင်ငံရေးလုပ်ကြံမှု၊ လူမျိုးရေးသွေးခွဲမှု၊ ဘာသာရေးမှိုင်းတိုက်မှုမှန်သမျှ ပြတ်သားစွာ ဆန့်ကျင်ဖယ်ရှားချေမှုန်းပြီး အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကျစ်လျစ်သိပ်သည်းသော စည်းရုံးရေးအင်အားဖြင့် အမျိုးသားရေးတာဝန်အဖြစ် ဝိုင်းဝန်းအကောင်အထည်ဖော်ကြပါစို့ဟု တိုက်တွန်းဆန္ဒပြုအပ်ပါသည်။ ။

အိန္ဒိယတပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်နှင့် စစ်သမိုင်းပြတိုက် ကြည့်ရှုလေ့လာ

ရန်ကုန် ဇူလိုင် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် **Eastern Command(Kolkata)** မှ **General Officer Commanding-in-Chief,Lieutenant General, K.S Jamwal,AVSM,VSM** ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် တာဝန်ရှိသူများ လိုက်ပါ၍ ဇူလိုင် ၁၃ရက် နံနက်ပိုင်းတွင် မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့သို့ ရောက်ရှိသည်။



အိန္ဒိယတပ်မတော် Eastern Command (Kolkata) မှ Commanding-in-Chief Lieutenant General,K.S Jamwal,AVSM, VSM နှင့်အဖွဲ့ဝင်များ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

အဆိုပါချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

လေ့လာ

ယင်းနောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်သို့ ရောက်ရှိကြရာ နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မြဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်း

ထို့နောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အားခန်းမဆောင်၌နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မြဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သမိုင်းအကျဉ်းကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မြဝင်းနှင့် ဧည့်သည်တော် Lieutenant General, K.S Jamwal, AVSM,VSM တို့သည် အမှတ်တရလက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြပြီး ဧည့်သည်တော် Lieutenant General, K.S Jamwal, AVSM,VSM က နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်အတွင်းရှိ ပြခန်းများနှင့် စာကြည့်တိုက်တို့ကို လှည့်လည် ကြည့်ရှုကြပြီး ဧည့်သည်တော် Lieutenant General, K.S Jamwal, AVSM, VSM က နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထိုမှတစ်ဆင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ ရောက်ရှိရာ စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူး ဗိုလ်မှူးကြီးဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး စစ်သမိုင်းပြတိုက်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ပိုင်း စေတီတော်မြတ်ကြီး၏ တောင်ဘက် စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ကိုထွန်းဝင်းနိုင်(ခ)ကိုထွန်းထွန်း၊ မအေးအေးသွင်၊ သား မောင်ဖြိုးခန့် (ZUE ပွဲရုံလုပ်ငန်း၊ ဘုရင့်နောင်) က ငွေကျပ် ၂၀၀၀၀၀ လှူဒါန်းရာ စေတီတော် ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးအုန်းကြိုင်နှင့် ဦးထွန်းတို့ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ(ရွှေသီဂီရတနာဓမ္မာရုံ အမှတ် ၉၈ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်)သို့ ယင်းလမ်းနေ ဒေါ်ပု(ခ)မြနန်းစောထွဋ်၊ သား တွန်ချောင်း၊ မောင်ဝမ်းတင်၊ မောင်ထွန်းထွန်း၊ မောင်ညီညီ၊ သမီး မထားထားမြင့်၊ မြေးတစ်စုတို့က ငွေကျပ် ၁၅၀၀၀၀ ကို လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က-ပ)

ပေးအပ်လှူဒါန်း

ကွယ်လွန်သူ ဦးကုလားပုအား ရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အနော်ရထာအိမ်ရာနေ ဇနီး ဒေါ်ချစ်တင်၊ သား၊ သမီးများဖြစ်ကြသော ဦးသိန်းဟန်-ဒေါ်ငွေးကြွယ်၊ ဒေါ်ဆန်းကြည် မိသားစုတို့က တည်ဆောက်ဆဲ မဟာစည်ဓမ္မဗိမာန်တော်ကြီး အတွက် ငွေကျပ်တစ်သိန်းကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အမှုဆောင်များထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တနင်္သာရီတိုင်း ၂၀၀၇ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

တနင်္သာရီတိုင်း ၂၀၀၇ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီတွင် မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်နှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာမများနှင့် ကျောင်းသူများ၊ ထူးချွန်ဆုရ အမျိုးသမီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုအမှာစကား

အစီအစဉ်အရ မျိုးဆက်သစ် အမျိုးသမီးငယ်ရွယ်လေးများက "မွန်မြတ်တဲ့စွမ်းအားရှင်များ"သီချင်းကိုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်က မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအမှာစကားပြောကြားသည်။ ဆက်လက်၍ ထူးချွန်အမျိုးသမီးများအား ဆုချီးမြှင့်ပွဲကျင်းပရာ ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ ဝိဇ္ဇာ၊ သိပ္ပံ ပညာရှင်များ စာတမ်းဖတ်ပွဲတွင် သမိုင်းဘာသာရပ် အကောင်းဆုံးစာတမ်းရှင်ဆုရ မြိတ်တက္ကသိုလ်မှ ဒေါက်တာခင်သီတာ၊ ဓာတုဗေဒဘာသာရပ် အကောင်းဆုံး စာတမ်းရှင်ဆုရ ဒေါက်တာသန္တာအောင်၊ သချ်ာဘာသာရပ် အကောင်းဆုံး စာတမ်းရှင်ဆုရ ဒေါက်တာချိုကြည်သန်းနှင့် (၁၇)ကြိမ်မြောက် တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲ (အခြေခံပညာအလယ်တန်းအဆင့်)၊ ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ (တက္ကသိုလ်အဆင့်)နှင့် (အခြေခံပညာအလယ်တန်းအဆင့်)၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ (တက္ကသိုလ်အဆင့်) ဆုရ ကျောင်းသူများအား တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်ကလည်းကောင်း၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာနှင့် လေးဘာသာဂုဏ်ထူးရ ကျောင်းသူများအား တိုင်းအမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါက်တာအေးအေးသိန်းနှင့် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နန်းခင်ညွန့်နွယ်က လည်းကောင်း၊ (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုရ အမျိုးသမီးများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ၂၀၀၆-၂၀၀၇ ခုနှစ် ထူးချွန်ကြက်ခြေနီဆုရရှိသူ မယုဝါစိုး၊ (၆၂) ကြိမ်မြောက် သွေးလှူရှင် ဒေါ်လွင်လွင်မော်၊၂၀၀၆ ခုနှစ် ဇူလိုင်လမှ ၂၀၀၇ ခုနှစ်ဇွန်လအထိ ပြည်နယ်နှင့် တိုင်းအားကစားပြိုင်ပွဲများတွင် ဆုရရှိသူအမျိုးသမီးများ၊ ၂၀၀၇ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ (အခြေခံပညာအလယ်တန်းအဆင့်)၊ (အခြေခံပညာအထက်တန်းအဆင့်) နှင့် (တက္ကသိုလ်အဆင့်) ဆုရရှိသူအမျိုးသမီးများအား တနင်္သာရီတိုင်းအမျိုးသမီးရေးရာအဖွဲ့လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် ဌာနမှူးများက လည်းကောင်း ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် တိုင်း၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့များ၏ လုပ်ဆောင်ချက်မှတ်တမ်း ဓာတ်ပုံများကို ကြည့်ရှုအားပေးကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်း ၂၀၀၇ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်အေးအေးကျော် သမိုင်းဘာသာရပ် အကောင်းဆုံးစာတမ်းရှင်ဆုရ မြိတ်တက္ကသိုလ်မှ ဒေါက်တာခင်သီတာအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြိုင်ဆရာတော် တရားပွဲ

ရန်ကုန် ဇူလိုင် ၁၄

ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ (ဓမ္မကထိက ဗဟုဇနဟိတရေ)၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် ဇူလိုင် ၂၉ ရက်မှ အောက်တိုဘာ ၂၆ ရက်အထိ ဝါတွင်းသုံးလ(၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့)အထိ စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့ သရောင်းစံပြကျေးရွာ မဟာစည်သာသနာ့ရိပ်သာဗိမာန်တော်ကြီး ဓမ္မသဘင်၌ နေ့စဉ် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားပွဲ ပင့်လျှောက်လိုသူများ ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် (၅) ရပ်ကွက် ကမာရွတ်ဘူတာနောက်ကျော ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ဖုန်း-၀၁-၅၃၀၀၆၈၊ ၀၁-၅၀၁၃၄၆ လိုင်းခွဲ-၁၈၁ တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

❀ မြန်မာနိုင်ငံမှ

လူနာများအတွက် အလှူငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၃၀၀)၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဒေါ်အေးအေး၊ ဗဟိုအလုပ်အမှုဆောင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ခရိုင်အဆင့်တာဝန်ရှိသူများ၊ ပျဉ်းမနားခရိုင်နှင့် မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အသင်းဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပျဉ်းမနားခရိုင်အတွင်းရှိ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူး၊ လက်ပူး ချို့ယွင်းချက်ရှိ လူနာများအား မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးမှ မျက်နှာ၊ မေးရိုးနှင့်ခံတွင်း အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်နုနုရီနှင့် မေ့ဆေးအထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာဦးတင်မောင်ညွှန့်နှင့်အဖွဲ့၊ နေပြည်တော်ရှိ အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၃၀၀)မှ အာခေါင်၊ ခံတွင်းအထူးကု ဆရာဝန်ကြီး ဒေါက်တာ ဦးခင်မောင်၊ မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာဦးမျိုးဆွေနှင့်အဖွဲ့တို့က ခွဲစိတ်ကုသပေးကြရာ တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခွဲစိတ်ကုသမှုခံယူမည့် လူနာများအား လိုက်လံကြည့်ရှု အားပေးစကားပြောကြားကြပြီး အလှူငွေများကို ပေးအပ်ကြသည်။

ယင်းနောက် လူနာများအတွက် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၃၀၀) အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူး၊ လက်ပူး ချို့ယွင်းချက်ရှိ လူနာများအတွက် နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ လှူဒါန်းငွေကျပ် ၃၅၀၀၀၀ နှင့် ဆေးနှင့်ဆေးပစ္စည်းများအတွက် ငွေကျပ် ၆၅၀၀၀၀၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ လှူဒါန်းသော ခွဲစိတ်ကုသမှုအတွက် ကုန်ကျငွေကျပ် ၇၇၀၀၀၀၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ခွဲစိတ်ကုသမှုအတွက် ကုန်ကျငွေကျပ် ၈၉၆၀၀၀၊ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက လှူဒါန်းငွေကျပ် ၃၅၀၀၀၀ တို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြပြီး ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွှန့်နှင့် တိုင်းမှူး၏ ဇနီး ဒေါ်ဆွေဆွေဦးတို့က ဆရာဝန်ကြီးများကိုယ်စား မျက်နှာ၊ မေးရိုးနှင့်ခံတွင်း အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်နုနုရီအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာ ဦးဌေးအောင် မိသားစုက မွေးရာပါ ချို့ယွင်းချက်ရှိလူနာများအတွက် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ပျဉ်းမနားခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းရွှေက လက်ခံယူပြီး ဆရာဝန်ကြီးများနှင့် အလှူရှင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် တိုင်းမှူး၏ ဇနီး ဒေါ်ဆွေဆွေဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လှူဒါန်းငွေမှာ ငွေကျပ် ၂၀၁၆၀၀၀၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့(နေပြည်တော်)နှင့် အလှူရှင်များ၏ လှူဒါန်းငွေမှာ ငွေကျပ် သိန်း ၂၀ စုစုပေါင်း ငွေကျပ် ၄၁၆၆၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

ယနေ့ ခွဲစိတ်ကုသပေးသော လူနာစုစုပေါင်းမှာ ၅၃ဦးဖြစ်ပြီး ခွဲစိတ်ကုသ ဆောင်ရွက်မှုကို ဇူလိုင် ၁၅ ရက်တွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် အဖွဲ့ဝင်များ နေပြည်တော် အထွေထွေရောဂါကု ဆေးရုံကြီး (ခုတင်-၃၀၀) တွင် ခွဲစိတ်ကုသမှုခံယူမည့် မွေးရာပါ ချို့ယွင်းချက်ရှိ လူနာများအား ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မြန်မာလိဂ် အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လု စီးပွား/ကူးသန်းအသင်း ခြောက်ကြိမ်မြောက် ဗိုလ်စွဲ

ရန်ကုန် ဇူလိုင် ၁၄

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ကျင်းပရာ မိနစ် ၁၂၀ ပြည့်သည်အထိ သုံးဂိုးစီ သရေကျနေ၍ ပိုင်နယ်တီဖြင့်ဆုံးဖြတ်ရာ စီးပွား/ကူးသန်းအသင်းက စွမ်းအင်အသင်းကို စုစုပေါင်း ၁၁ဂိုး-၁၀ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

စီးပွား/ကူးသန်းအသင်း ၁၁ ဂိုး
(ဇော်လင်းထွန်း-နှစ်ဂိုး၊ မျိုးမင်းထွန်း၊ အောင်မျိုးသန့်၊ စထက်နိုင်ဝင်း၊ မိုးဝင်း၊ မျိုးဇော်ထွန်း၊ ရာဇာဝင်းသိန်း၊ မင်းသူ၊ မင်းကိုကိုနှင့် ကျော်ဇင်ဝင်း- တစ်ဂိုးစီ)

စွမ်းအင်အသင်း ၁၀ ဂိုး
(နိုင်ဝင်း-နှစ်ဂိုး၊ အောင်ကျော်မျိုး၊ စိုင်းသန်းအောင်၊ ကျော်ခိုင်ဝင်း၊ ဝေယံမောင်၊ အောင်ကျော်မိုး၊ ဇော်ထက်အောင်၊ နိုင်လင်းထွန်းနှင့် လင်းလင်းထွေး- တစ်ဂိုးစီ)

ဒိုင်လူကြီး ဦးဝင်းချို

စီးပွား/ကူးသန်း အသင်းသည် စွမ်းအင်အသင်းကို ပိုင်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရကာ ကွင်းဖွင့် ချန်ပီယံဖလားကို ခြောက်ကြိမ်မြောက် ဆွတ်ခူးသွားသည်။

စီးပွား/ကူးသန်းအသင်းနှင့် စွမ်းအင်အသင်းတို့သည် ဗိုလ်လုပွဲအဖြစ် ပြိုင်ပွဲ နှစ်ခုဆက်တိုက် တွေ့ဆုံခြင်းဖြစ်ပြီး ယမန်နှစ် ဘောလုံးရာသီ ကွင်းပိတ်ပြိုင်ပွဲနှင့် ယခုကွင်းဖွင့်ပြိုင်ပွဲ နှစ်ခုစလုံး စီးပွား/ကူးသန်းက ပိုင်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

အသင်းကြီးနှစ်သင်း တွေ့ဆုံသော ပွဲဖြစ်သလို ဗိုလ်စွဲရေးအတွက် နှစ်သင်းစလုံးက ကြိုးစားခဲ့ကြ၍ ပွဲမှာ အကြိတ်အနယ်ရှိခဲ့သည်။ ပွဲစကတည်းက စီးပွား/ကူးသန်းရော စွမ်းအင်ပါ ကစားအား မြင့်တင်ကစားခဲ့ကြပြီး ၂၉မိနစ်တွင် တိုက်စစ်မှူး အောင်ကျော်မျိုးက စွမ်းအင်အတွက် ဂိုးစတင်သွင်းယူပြီး ၃၈မိနစ်တွင် စီးပွား/ကူးသန်းအတွက် မျိုးမင်းထွန်းက ပြန်လည်ချေပ၍ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေကျနေသည်။ ဒုတိယပိုင်းတွင် ဂိုးထပ်မံရရှိရေး နှစ်သင်းစလုံး ကြိုးစားကြသော်လည်း အနိုင်ဂိုးမသွင်းနိုင်၍ အချိန်ပို ဆက်လက် ယှဉ်ပြိုင်ခဲ့ရသည်။

အချိန်ပို ပထမပိုင်း လေးမိနစ်တွင် တိုက်စစ်မှူး စထက်နိုင်ဝင်းက စီးပွား/ကူးသန်းအတွက် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သောကြောင့် ပွဲမှာ အကြိတ်အနယ်ရှိလာပြီး ၁၃မိနစ်တွင် စိုင်းသန်းအောင်က ချေပဂိုး ပြန်လည်သွင်းယူသွားသည်။ စွမ်းအင်က ပိုင်နယ်တီမှ တစ်ဆင့် နိုင်ဝင်းက တတိယဂိုး ထပ်မံသွင်းယူသော်လည်း လေးမိနစ်အကြာတွင် ဇော်လင်းထွန်းက ချေပဂိုး ပြန်လည်သွင်းယူသွား၍ သုံးဂိုးစီ သရေကျကာ ပိုင်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ရသည်။

ပိုင်နယ်တီဖြင့် ဆုံးဖြတ်ရာတွင် စီးပွား/ကူးသန်းက ရှစ်ဂိုး၊ စွမ်းအင်က ခုနစ်ဂိုးဝင်၍ စီးပွား/ကူးသန်းအသင်းက စုစုပေါင်း ၁၁ဂိုး-၁၀ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က ဒုတိယဆုရ စွမ်းအင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားကျပ်သိန်း ၂၀ ကို လည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပထမဆုရ စီးပွား/ကူးသန်းအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားကျပ် သိန်း ၃၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမဆုရ စီးပွား/ကူးသန်းအသင်းအား တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဖလား ပေးအပ်ချီးမြှင့်သည်။

ပွဲအပြီးတွင် စီးပွား/ကူးသန်းအသင်း အုပ်ချုပ်သူ ဦးမြင့်သိန်းက **"အချိန်ပိုတွင် သုံးဂိုး-နှစ်ဂိုး ရှုံးနေရာမှ ချေပဂိုး ပြန်ရခဲ့သည့်အတွက် ပိုင်နယ်တီကန်ရာတွင် စိတ်ဓာတ်သာပြီး အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့ကလေးတွေ အနိုင်ရလိုစိတ် ပြင်းပြ၍လည်း ရှုံးလုဆဲဆဲအနေအထားမှ ဗိုလ်စွဲသွားခြင်းဖြစ်ကြောင်း၊ ဗိုလ်လုပွဲမတိုင်မီ ကစားသမားများကို ဝန်ကြီးဌာနမှ ရာထူးများတိုးပေးပြီး ဆုကြေးများ ချီးမြှင့်ခြင်းကလည်း ကစားသမားများကို စိတ်ဓာတ်တက်စေခဲ့ကြောင်း၊ မိမိတို့အသင်းကို ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ပံ့ပိုးအားပေးပါကြောင်း၊ နောက်ပြိုင်ပွဲများတွင်လည်း ဗိုလ်စွဲအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း"** ပြောကြားသွားသည်။

(ကြေးမုံ)

ဗီယက်နမ်အသံလွှင့် ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၄

ဗီယက်နမ်အသံလွှင့်ဌာန (Radio The Voice of Vietnam-VOV) နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့အကြား ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဗီယက်နမ် အသံလွှင့်ဌာနမှ Deputy Director. Mr. Pham Duy Hung ခေါင်းဆောင်သော လေ့လာရေး အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

NLD ပါတီသည် ပြည်တွင်း၊ပြည်ပ အဖျက်သမားများနှင့် ပူးပေါင်း၍ နိုင်ငံတော်ကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိ ကြို့ပင်ကောက်မြို့နယ်မှ ပါတီဝင် ၄၀ စုပေါင်းနုတ်ထွက်

ရန်ကုန် ဇူလိုင် ၁၄

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော သန္ဓေကုန်းကျေးရွာနေ ဦးသန်းနွဲ့၊ ရခိုင်ပုကျေးရွာနေ ဦးနေဝင်း၊ ကျွန်းနက်ကုန်း ကျေးရွာနေ ဦးစိန်ဝင်းတို့ အပါအဝင် ပါတီဝင် ၄၀ တို့သည် ဇွန် ၂၈ ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ကြို့ပင်ကောက်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် ပူးပေါင်း၍ နိုင်ငံတော်ကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြု ဆောင်ရွက်ချက်များကို လျစ်လျူရှုပြီး နိုင်ငံနှင့်လူမျိုးကို သူ့ကျွန်ဘဝရောက်အောင် ရှေးရှုလုပ်ဆောင်လျက်ရှိသဖြင့် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ချန်ပီယံ စီးပွား/ကူးသန်းအသင်းအား ပွဲအပြီး တွေ့ရစဉ်။ (ကြေးမုံ)

မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး ကလေးကုသဆောင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ထောက်ပံ့လှူဒါန်းပွဲကျင်းပ

ရန်ကုန်   ဇူလိုင်   ၁၄

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးနှင့် အဖွဲ့ဝင်များသည် ဇွန် ၃၀ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ အထွေထွေရောဂါကု ဆေးရုံကြီး ကလေးကုသဆောင်သို့ ရောက်ရှိကြပြီး ကလေးကုသဆောင်ရှေ့နှင့် ပတ်ဝန်းကျင်တို့၌ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မီးသတ်၊ ကြက်ခြေနီ၊ မြို့ပေါ်ရပ်ကွက် ပြည်သူများစုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု အားပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ အထွေထွေရောဂါကု ဆေးရုံကြီး ကလေးကုသဆောင်၌ကျင်းပသည့် ကလေးလူနာများအတွက် ဒုတိယအကြိမ် ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူးနှင့်ဇနီးတို့က ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာ မျိုးဆွေကြည်က လက်ခံသည်။ **(အပေါ်ယာပုံ)**

ယင်းနောက် မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးနှင့် အဖွဲ့ဝင်များက ကလေးကုသဆောင်၌ တက်ရောက်ကုသနေသော ကလေးလူနာများအား လိုက်လံကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ဇူလိုင် ၁၄ရက်က ပြင်သစ်သမ္မတနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် ညှိခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jean-Pierre Lafosse ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကျောက်စိမ်းအတွဲများ နဝမနေ့ ဆက်လက်ရောင်းချ ကိုးရက်အတွင်း ကျောက်စိမ်းအတွဲပေါင်း ၄၁၆၈ တွဲရောင်းချရ ရတနာကုန်သည်ပေါင်း ၄၀၈၃ဦးတို့ အပြိုင်အဆိုင်ဝယ်ယူ

ရန်ကုန်   ဇူလိုင်   ၁၄

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူး၍ ၂၀၀၇ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ကျောက်စိမ်းအတွဲများ ဈေးပြိုင်စနစ်ဖြင့် နဝမနေ့အဖြစ် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဗဟိုကော်မတီဝင်များ ကြည့်ရှုအားပေးကြပြီး ပြည်တွင်း ပြည်ပရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ ကျောက်မျက်ရတနာပြပွဲတွင် ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ယမန်နေ့ ညနေ ၄နာရီမှ ည ၈ နာရီခွဲအထိ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၃၆တွဲကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူခဲ့ကြသည်။

ယမန်နေ့က တစ်နေ့တည်းပင် ကျောက်စိမ်း အတွဲပေါင်း ၇၁တွဲကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခဲ့ကြသည်။ ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို နဝမနေ့အဖြစ် ယနေ့နံနက် ၈နာရီမှ ညနေ ၄နာရီအထိ ဈေးပြိုင်စနစ်ဖြင့်ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၄၂တွဲကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက ဝယ်ယူခဲ့ကြသည်။ ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ညပိုင်းအထိ ဆက်လက်ရောင်းချလျက်ရှိသည်။

အဆိုပါ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ အစီအစဉ် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဈေးပြိုင်စနစ်တို့ဖြင့် ဇူလိုင် ၆ရက်မှ ညနေပိုင်းအထိ ကိုးရက်အတွင်း ကျောက်စိမ်းအတွဲပေါင်း ၄၁၆၈တွဲကို ရောင်းချခဲ့ရသည်။

၂၀၀၇ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲသို့ ပြည်ပနိုင်ငံ ၁၄နိုင်ငံ၊ ကုမ္ပဏီပေါင်း ၂၃၀၆ခုမှ ရတနာကုန်သည် ၂၄၃၀နှင့် ပြည်တွင်းနိုင်ငံသားပိုင် ကုမ္ပဏီ ၅၂၇ ခုမှ နိုင်ငံသားရတနာကုန်သည် ၁၆၅၃ ဦး စုစုပေါင်း ပြည်တွင်း၊ ပြည်ပရတနာကုန်သည် ၄၀၈၃ဦး တက်ရောက်၍ ဈေးပြိုင်စနစ်ဖြင့် အပြိုင်အဆိုင် ဝယ်ယူလျက်ရှိကြသည်။

ကျောက်စိမ်းအတွဲများကို ဇူလိုင် ၁၆ ရက်အထိ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

၂၀၀၇ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲတွင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၁၄) ထွက်ပြီ

ရန်ကုန် ဇူလိုင် ၁၄

ကရကင့်ရာသီ ဝါဆိုလ၏ ပုန်းညက်ပန်းများ ဖူးပွင့်မှုနှင့်အတူ ကျေးလက်ပြည်သူ တောင်သူဦးကြီးတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် သုတ၊ ရသ၊ ဗဟုသုတအဖြာဖြာ ဖော်ပြပေးနေသော ဒို့ကျေးရွာ ဂျာနယ် အတွဲ (၄)၊ အမှတ် (၁၄) ကို ၂၀၀၇ခုနှစ်၊ ဇူလိုင် ၁၅ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ဝေဝေဆာဆာဖော်ပြထား

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနေသော ဟင်းသီးဟင်းရွက်များ၊ အထွက်နှုန်းကောင်း ချည်မျှင်ရှည်ဝါ စိုက်ပျိုးပါ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဓာတုပိုးသတ်ဆေးများ စနစ်တကျ သုံးစွဲပေး၊ ဘူးပြဿနာ၊ ဝင်ငွေပိုနေသော ဩဂဲနစ်လယ်မြေစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ရာသီဥတုနှင့်ဆိုင်သောငါးများ၊ တီလားပီးယားငါးမွေးမြူပါ၊ ကျေးလက်စီးပွားတိုးတက်ရေး ဒေသကြက်ကိုမွေး၊ အညာဒေသနှင့် လိုက်ဖက်သော သိုးမွေးမြူရေး စသည့် မွေးမြူရေးဆောင်းပါးများ၊ သက်ရှည်ကျန်းမာအားကစားနည်း၊ ဆေးဖက်ဝင်ချင်း(ဂျင်း)ပင်၊ မှိုဆိပ်တောက်မှု သတိပြု၊ ရုံးပတီပင် အသုံးဝင်စသည့် ကျန်းမာရေးဆောင်းပါးများ၊ လူနှင့် လက်နက်၊ မြန်မာ့ရိုးရာ ကျီးသဲစည်းလုံးချည်အလှ၊ လုပ်ရတော့ ညာလက် ရွှေဝတ်ရတော့ ဘယ်လက်၊ သဘာဝလက်ဆောင်စသည်တို့အပြင် ဝတ္ထုတို၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ မြန်မာဗီဒီယို ဇာတ်လမ်းများ၊ သတင်းအတိုအထွာများဖြင့် သုတ၊ ရသစုံလင်စွာ ပေးဝေဆာဆာ ဖော်ပြထားသည်။

ဒို့ကျေးရွာ ဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့၌ တစ်စောင်လျှင် ငွေကျပ် ၁၅၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ပေးပို့နိုင်

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်-၂၂/၂၄ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ် မော်လမြိုင်မြို့ ဆံတော်ရှင်သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှု လုပ်ငန်းများအတွက် ဇွန် ၂၈ရက်က မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက် အောက်လမ်းမကြီးနေ ဦးထွေးလင်း-ဒေါ်ထားစိန် မိသားစုက ငွေကျပ် ၂၆သိန်းပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းလက်ခံရယူစဉ်။ (၃၀၇)

ကုန်သွယ်လုပ်ငန်းခွန်နှင့်ဝင်ငွေခွန် စုပေါင်းပေးအပ်ပွဲကျင်းပ

ရန်ကုန်   ဇူလိုင်   ၁၄

၂၀၀၇ခုနှစ် ဇူလိုင် ၇ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်များစုပေါင်းပေးအပ်ပွဲကို ဇူလိုင် ၄ရက်တွင် မုဒုံမြို့နယ် မုဒုံအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက် အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဟန်၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဘချစ်၊ မြို့နယ်ပြည်တွင်းအခွန်များ ဦးစီးဌာနမှူး ဦးမျိုးတင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မိုးစန္ဒာထွန်း၊ သမဝါယမအသင်းစု အမှုဆောင်များနှင့် အခြေခံအသင်း အမှုဆောင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မွန်ပြည်နယ်သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဟန်နှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိဦးဘချစ်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် သမဝါယမအသင်းများကိုယ်စား မုဒုံအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမင်းစိန်ချွန်းက ကုန်သွယ်ရေးလုပ်ငန်းခွန်ငွေ ၁၆၉၆၆၄၂ကျပ်နှင့် ဝင်ငွေခွန် ငွေ ၁၄၁၆၃၃ကျပ် စုစုပေါင်း ငွေ ၁၈၃၈၂၇၅ ကျပ်ကိုပေးအပ်ရာ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနမှူး ဦးမျိုးတင့်က လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။ (သတင်းစဉ်)

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပြိုင်ပွဲတွင် (စ)အုပ်စုမှ ကျန်းမာရေးဝန်ကြီးဌာန အသင်းနှင့် အားကစားဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်တို့ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ သာသနာရေး၊ လူမှုဝန်ထမ်းနှင့် အားကစားဝန်ကြီးဌာနတို့ အနိုင်ရ

နေပြည်တော် ဇူလိုင် ၁၄

၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့်ညနေပိုင်းတို့တွင် ပျဉ်းမနားမြို့ပေါင်းလောင်းအားကစားကွင်းနှင့် လယ်ဝေးမြို့နယ်အားကစားကွင်းတို့၌ ဆက်လက်ကျင်းပသည်။

နံနက် ၇နာရီခွဲတွင် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ (င)အုပ်စုမှ သာသနာရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သာသနာရေးဝန်ကြီးဌာန ဘောလုံးအသင်းက ငါးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

သာသနာရေး ငါးဂိုး
(အောင်သီဟနှစ်ဂိုး၊ မင်းသူအောင် တစ်ဂိုး၊ အောင်သန့်ဇင် တစ်ဂိုး၊ မင်းမင်း တစ်ဂိုး)

ဟိုတယ်/ခရီး တစ်ဂိုး
(စိန်သောင်း)

ဒိုင်လူကြီး ဦးမင်းမင်းထွန်း (အဖွဲ့ချုပ်)

ညနေ ၄ နာရီတွင် ပေါင်းလောင်း အားကစားကွင်း၌ (စ)အုပ်စုမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဘောလုံးအသင်းက ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

လူမှုဝန်ထမ်း ရှစ်ဂိုး
(ဝေလင်းနိုင် လေးဂိုး၊ မောင်မောင်မြင့် နှစ်ဂိုး၊ ကျော်သူရထွန်း တစ်ဂိုး၊ ကညော်ထူး တစ်ဂိုး)

အမှတ်(၁)လျှပ်စစ် တစ်ဂိုး
(ဇော်ထွန်း)

ဒိုင်လူကြီး ဦးကျော်မင်း (အဖွဲ့ချုပ်)

အလားတူ ညနေ ၄နာရီ၌ လယ်ဝေးမြို့နယ်အားကစားကွင်းတွင်(စ)အုပ်စုမှ အားကစားဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားဝန်ကြီးဌာန ဘောလုံးအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အားကစား လေးဂိုး
(ဝင်းမျိုးသန်း တစ်ဂိုး၊ သောင်းဌေး တစ်ဂိုး၊ ရဲဝင်းနိုင် တစ်ဂိုး၊ မျိုးနိုင် တစ်ဂိုး)

ကျန်းမာရေး ဂိုးမရှိ

ဒိုင်လူကြီး ဦးတင်ဝင်း (အဖွဲ့ချုပ်)

ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာကျော်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်အားပေးကြည့်ရှုကြသည်။

၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ဇူလိုင်၁၅ရက်တွင် အုပ်စုနောက်ဆုံးပွဲစဉ်များ ဆက်လက်ကျင်းပမည်ဖြစ်သည်။ (၁၀၇)

၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ
(၁၅-၇-၂၀၀၇)နေ့ ပွဲစဉ်များ

အုပ်စု	အသင်း	အချိန်	အားကစားကွင်း
(ဓ)	အလုပ်သမားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန	နံနက် ၇ နာရီခွဲ	ပေါင်းလောင်း
(ဓ)	ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	ညနေ ၄ နာရီ	ပေါင်းလောင်း

မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကျင်းပပြီးစီး ကရင်ပြည်နယ်အသင်း ပြိုင်ပွဲအားလုံး၌ ဗိုလ်စွဲ

ရန်ကုန် ဇူလိုင် ၁၄

၂၀၀၇ခုနှစ် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာ လက်ဝှေ့(က) အဆင့်ပြိုင်ပွဲနှင့် နဝမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာလက်ဝှေ့ လူသစ်တန်း၊ (ဂ)အဆင့်၊ (ခ)အဆင့် ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့မွန်းလွဲ ၁ နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း၊ မိုးလုံလေလုံခန်းမတွင်ကျင်းပသည်။

(ဂ)အဆင့် လိုက်ဖလိုင်းဝိတ်တန်းတွင် ကျွဲချို(ကရင်)က စောကရင်(ဧရာဝတီ)ကို ဒုတိယအချီ ၁မိနစ်၄၅ စက္ကန့်တွင်လည်းကောင်း၊ ဖလိုင်းဝိတ်တန်းတွင် မန္တလာအောင်(မန္တလေး)က ဖိုးလုံး (တနင်္သာရီ)ကို ဒုတိယအချီ ၃၆စက္ကန့်တွင် လည်းကောင်း၊ ဖယ်သာဝိတ်တန်းတွင် ဝိုင်းဝိုင်း (ကရင်)က မိုးထိမိုက်(ရန်ကုန်)ကို တတိယအချီ ၂မိနစ် ဝ၂စက္ကန့်တွင် လည်းကောင်း၊ လိုက်ဝိတ်တန်းတွင် ရွှေဓား(မကွေး)က ကြယ်စင်အောင်(ရန်ကုန်)ကို ပထမအချီ၁မိနစ်၃၅စက္ကန့်တွင်လည်းကောင်း၊ လိုက်ဝယ်လ်တာဝိတ်တန်းတွင် ဂဠုန်မင်း(ကရင်)က စီနာ(တနင်္သာရီ)ကို ပထမအချီ ၂မိနစ်၄၅စက္ကန့်တွင် လည်းကောင်း၊ ဝယ်လ်တာဝိတ်တန်းတွင် ဖိုးကေ(မန္တလေး)က စိုးတင့်(ဧရာဝတီ)ကို ဒုတိယအချီ ၂မိနစ်၁၃စက္ကန့်တွင် လည်းကောင်း အလဲထိုးဖြင့် အနိုင်ရရှိသွားကြသည်။ ဘင်တန်ဝိတ်တန်းတွင် အောင်ပိုင်လေး(မွန်)ဆေးကျ၍ ဇော်လင်း(ဧရာဝတီ) အနိုင်ရရှိသည်။

(က)အဆင့် လိုက်ဖလိုင်းဝိတ်တန်းတွင် မင်းထက်ကျော်(ကရင်)က နိုင်ဦးမောင်(ဧရာဝတီ)ကို ပထမအချီ ၃၈ စက္ကန့်တွင် လည်းကောင်း၊ ဘင်တန်ဝိတ်တန်းတွင် သိုးကောင်(ရန်ကုန်)က မဟာ (မန္တလေး)ကို ပထမအချီ ၃၉ စက္ကန့်တွင် လည်းကောင်း၊ လိုက်ဝိတ်တန်းတွင် ရဲမာန်စိုး(ကရင်)က ရှမ်းလေး(ရန်ကုန်)ကို ပထမအချီ ၁မိနစ် ၃၄ စက္ကန့်တွင်လည်းကောင်း အလဲထိုးများဖြင့်အနိုင်ရရှိသွားသည်။ ဖယ်သာဝိတ်တန်းဗိုလ်လုပွဲဖြစ်သည့် ရှမ်းသွေးလေး(ရန်ကုန်) နှင့် ရွှေထွန်းယုံ(ကရင်)တို့ပွဲ၊ လိုက်ဝယ်လ်ဟာဝိတ်တန်း ဗိုလ်လုပွဲဖြစ်သည့် စစ်အောင်(ကရင်)နှင့် နဂါးလေး(တနင်္သာရီ)တို့ပွဲများမှာ လေးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်၍ အမှတ်ဖြင့်ဆုံးဖြတ်ရာ ရှမ်းသွေးလေး(ရန်ကုန်)နှင့်စစ်အောင်(ကရင်)တို့အနိုင်ရရှိသွားကြသည်။ အဆိုပါ ဗိုလ်လုပွဲ ၁၁ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရရှိသူများအား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးအောင်မင်းနှင့် ဦးမြင့်စိုး၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းဇော်နှင့် အမှုဆောင်များက ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုးက အကောင်းဆုံး ရိုးရာလက်ဝှေ့အာကစားသမားဆုများရရှိကြသော လူသစ်တန်းပြိုင်ပွဲ၌ သားသား(တနင်္သာရီ)၊ (ဂ)အဆင့်ပြိုင်ပွဲ၌ ဝိုင်းဝိုင်း (ကရင်)၊ (ခ)အဆင့်ပြိုင်ပွဲ၌ ဒိန်း(ရန်ကုန်)နှင့် (က)အဆင့်ပြိုင်ပွဲ၌ စစ်အောင်(ကရင်)တို့အား ဆုတံဆိပ်နှင့် ငွေသားဆုများပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က လူသစ်တန်းပြိုင်ပွဲတွင် ရွှေလေးခု၊ ငွေလေးခုဖြင့် ပထမဆုရ ကရင်ပြည်နယ်၊ (ဂ)အဆင့်ပြိုင်ပွဲ၌ ရွှေသုံးခု၊ ကြေးသုံးခုဖြင့် ပထမဆုရ ကရင်ပြည်နယ်၊ (ခ)အဆင့်ပြိုင်ပွဲ၌ ရွှေနှစ်ခု၊ ငွေတစ်ခုဖြင့် ပထမဆုရ ကရင်ပြည်နယ်အသင်းတို့အား တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်က (က)အဆင့်ပြိုင်ပွဲတွင် ရမှတ် ၂၈ မှတ်ဖြင့် ပထမဆုရရှိသွားသည့် ကရင်ပြည်နယ်အား အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားနှင့် ပြည်နယ်နှင့်တိုင်း တံခွန်စိုက်ဒိုင်းကြီးကို ဆွတ်ခူးသွားသည့်ကရင်ပြည်နယ်အား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်သည်။

ကရင်ပြည်နယ်အသင်းသည် ယခုနှစ်ပြိုင်ပွဲတွင် ပြိုင်ပွဲငါးမျိုးစလုံးတွင် ဗိုလ်စွဲခဲ့သလို ယမန်နှစ်ကလည်း ဗိုလ်စွဲခဲ့ကြောင်းသိရသည်။ (ကြေးမုံ)

တံခွန်စိုက်ဒိုင်း ချီးမြှင့်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ပြည်နယ်နှင့်တိုင်း တံခွန်စိုက်ဒိုင်းကြီးကို ဆွတ်ခူးသွားသည့် ကရင်ပြည်နယ်အသင်းအား တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်စဉ်။ ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

ဘဒ္ဒန္တသုဇာတ ဓမ္မဒူတခရီးကြွရောက်

ရန်ကုန် ဇူလိုင် ၁၄

တောင်ဥက္ကလာပမြို့ မဟာစည် အေးရိပ်သာနှင့် ရန်ကုန်မဟာစည် ပြည့်စုံအေးဆရာတော် ဘဒ္ဒန္တသုဇာတသည် ဇူလိုင် ၇ရက်တွင် ရန်ကုန်မြို့မှလေကြောင်းခရီးဖြင့်စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံများသို့ ဓမ္မဒူတတစ်လကြာခရီး ကြွရောက်တော်မူသွားပြီး အဆိုပါနိုင်ငံများ၌ ဝိပဿနာတရားတော်များ ဟောကြား၍ တရားစခန်းများကို ဖွင့်လှစ်မည်ဖြစ်သည်။ (သတင်းစဉ်)

EMPIRE
Printing & Publishing House
မျှော်. . . မေး . . .တောင့်တနေတဲ့စာချစ်သူများ အတွက်
Empress Special Issue + Emperor Special Issue
ကဏ္ဍစုံလင်တစ်ပုံတစ်ပင်နှင့်အတူ 'ဒွေး' ၏နောက်ဆုံးခရီး 'မြင်ကွင်းများ' 'ရင်တွင်းစကား' တို့အပါအဝင် ထွက်ပြီ။
Empire ပုံနှိပ်စက် မအားလပ်လွန်းတဲ့အတွက် မဂ္ဂဇင်းထွက်ရက်များ နောက်ကျနေခြင်းကို သည်းခံခွင့်လွှတ်အားပေးလျက်ရှိကြသူများ၏ မေတ္တာကိုခံယူလျက်...
သီရိသန္တာမီဒီယာ
ထွက်ပြီ
EMPRESS MAGAZINE
It's a Man's World EMPEROR Men Magazine

ဦးသိန်းအောင်[၁၂/အစန(နိုင်)ဝ၆၇ဝ၂၈]နှင့် အများသိစေရန်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ ၃၈လမ်း(အောက်)၊ အမှတ်(၉၈/အေ)ရှိ "New Fortune General Services Company Limited" (စည်းစိမ်သစ် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ)အနေဖြင့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းဈေးလမ်း၊ အမှတ်(၇၂/အေ)နေ ဦးသိန်းအောင်[၁၂/အစန(နိုင်)၁၆၇ဝ၂၈] လုပ်ငန်းနှင့်ပတ်သက်၍ မည်သည့်တာဝန်မျှ ပေးထားခြင်းမရှိပါကြောင်းနှင့် ဦးသိန်းအောင်အနေနှင့်လည်း အေဂျင်စီနှင့်လုံးဝ(လုံးဝ) ပတ်သက်မှုမရှိပါကြောင်း ကြော်ငြာအပ်ပါသည်။

အုပ်ချုပ်မှုဒါရိုက်တာ ဦးအေးမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘသောင်း
(တရားရုံးချုပ်ရှေ့နေ၊ စဉ်-၅၉၄၁)
အမှတ်(၅၀)၊ အခန်း(အေ-၁၆)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၉၁-၆၆၆၉၆

သစ်တောသစ်ပင် ဒို့ချစ်ခင်

လယ်ယာသီးနှံများ တိုးတက်ထွက်ရှိမှု၊ စက်မှုထုတ်ကုန်များ တိုးတက်ထုတ်လုပ်လာနိုင်မှုတို့ကြောင့် ပို့ကုန်သွင်းကုန် ကူးသန်းရောင်းဝယ်သည့် ပမာဏသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိ

ကုန်သည်လုပ်ငန်းရှင်များ တစ်ဦးတည်းပိုင် ကုမ္ပဏီထူထောင်၍ စွန့်စားလုပ်ကိုင်ကြရမှာဖြစ်သကဲ့သို့ အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ အများပိုင်ကုမ္ပဏီများအဖြစ် ညီညီညွတ်ညွတ် ကြိုးပမ်းလုပ်ကိုင်

နေပြည်တော် ဇူလိုင် ၁၄

ပို့ကုန်သွင်းကုန်လုပ်ငန်းများ မှန်ကန်ရေး ကြီးကြပ်မှုအဖွဲ့နှင့် ကုန်သည်လုပ်ငန်းရှင်များ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပို့ကုန်သွင်းကုန်လုပ်ငန်းများ မှန်ကန်ရေး ကြီးကြပ်မှုအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဖိတ်ကြားထားသည့် အစိုးရအဖွဲ့ - အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကုန်သည်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် **စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ပို့ကုန်သွင်းကုန်လုပ်ငန်းများ မှန်ကန်ရေး ကြီးကြပ်မှုအဖွဲ့နှင့် ကုန်သည်လုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အစီအစဉ်ဖြင့် ပျဉ်းမနားခရိုင်အတွင်းရှိ မွေးရာပါ ချို့ယွင်းချက်ရှိ လူနာများအား ခွဲစိတ်ကုသခြင်းနှင့် အလှူငွေပေးအပ်ခြင်း အခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အစီအစဉ်ဖြင့် နေပြည်တော်ရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၃၀၀)တို့ ပူးပေါင်းဆောင်ရွက်သည့် ပထမအကြိမ် ပျဉ်းမနားခရိုင်အတွင်းရှိ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူး၊ လက်ပူး ချို့ယွင်းချက်ရှိ လူနာများအား ခွဲစိတ်ကုသခြင်းနှင့် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❁**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ လှူဒါန်းသော ခွဲစိတ်ကုသမှုအတွက် ကုန်ကျငွေ ကျပ် ၇၇၀၀၀၀ ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မုတ်သုံလေအားကောင်းမည်။